# မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၃၈)၊ ၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် ၊ ၁၀-၁၁-၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တစ်ဖက်နိုင်ငံအနေနဲ့ တရားမဝင်တင်သွင်းတဲ့လမ်းကြောင်းတွေအနီးမှာ တရားဝင်ဂိတ်တွေ ဖွင့်လှစ်ထားရှိပြီး ကောက်ခံတဲ့အတွက် အခွန်အခတွေ မဆုံးရှုံးဘူး။ ဒီလို ဆောင်ရွက်နေတာက သူတို့အနေနဲ့ တရားမဝင်ကုန်သွယ်မှုကို အားပေးရာရောက်နေတဲ့အတွက် သတ်မှတ်ထားတဲ့ တရားဝင်ကုန်သွယ်ရေးလမ်းကြောင်းတွေကနေပဲ ကုန်ပစ္စည်းတွေကို တင်သွင်းသင့်ပါတယ်

နေပြည်တော် နိုဝင်ဘာ ၉

ကရင်ပြည်နယ် မြဝတီမြို့နယ် သောင်ရင်းမြစ်ကမ်း တစ်လျှောက်၌ တရားမဝင်ဂိတ်များ ဖွင့်လှစ်ပြီး အကြမ်းဖက် လက်နက်ကိုင်အဖွဲ့များက ငွေကြေးများကောက်ခံ၍ ပြည်ပမှ တရားမဝင်ပစ္စည်းများ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ တပ်မတော်က အဆိုပါဒေသအား ပြန်လည်ထိန်းချုပ်ပြီးဖြစ်ရာ ဖွင့်လှစ်ထားသည့် ကုန်သွယ်ရေးဂိတ်များနှင့် ကုန်ပစ္စည်းများ သိုလှောင်ဖြန့်ဖြူးသည့် အဆောက်အအုံများကို ဖျက်ဆီးရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖျက်ဆီးရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံရေးအဖွဲ့နှင့် ဖယ်ရှားရှင်းလင်းရေး အဖွဲ့ဝင်များသည်

စာမျက်နှာ ၃ သို့




မြဝတီမြို့နယ် သောင်ရင်းမြစ်ကမ်း တစ်လျှောက်၌ တရားမဝင်ဖွင့်လှစ်ထားသည့် ကုန်သွယ်ရေးဂိတ်များနှင့် အဆောက်အအုံများ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၉

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက် ၂ ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာ ၁၀ ရက် ၊ တနင်္လာနေ့။

မန္တလေး

## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ကာ ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ဆောင်ရွက်လျက်ရှိ

ဘရာဇီးနိုင်ငံသမ္မတ လူးဝစ်အင်နာစီယိုလူလာဒါဆေးလ်ဗား၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်(ကိုယ်စား) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရာဇီးနိုင်ငံ ဘဲလ်လမ်မြို့၌ နိုဝင်ဘာ ၆ ရက်မှ ၇ ရက်အထိ ကျင်းပသည့် ဘဲလ်လမ်ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေး (Belem Climate Summit)စုံညီအစည်းအဝေးနှင့် ဘာသာရပ်ဆိုင်ရာ စားပွဲဝိုင်း ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။

စုံညီအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံအသီးသီးမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် သစ်တောနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများက နိုင်ငံကိုယ်စားပြု အမှာစကားပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံသည် နိုင်ငံရေိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းကျော်ကို သစ်တောများ ဖုံးလွှမ်းထားပြီး ဂေဟစနစ်မျိုးစုံနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသော နိုင်ငံဖြစ်ကြောင်း၊ ရှည်လျားသောကမ်းရိုးတန်းနှင့် ဒီရေတောများ ပိုင်ဆိုင်ပါကြောင်း၊ သို့သော်လည်း ရာသီဥတုပြောင်းလဲမှုဒဏ် အခံရဆုံးနိုင်ငံများတွင် ပါဝင်လျက်ရှိသဖြင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးဆိုင်ရာလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်(Nationally Determined Contributions-NDC)ပါ ရည်မှန်းချက်များနှင့်အညီ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရာသီဥတုဒဏ်ခံနိုင်သော စိုက်ပျိုးရေးလုပ်ငန်းများ၊ သစ်တောထိန်းသိမ်းရေးကို ဗဟိုပြုသည့် မဟာဗျူဟာများချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း၊ ရာသီဥတုဆိုင်ရာ ရန်ပုံငွေတိုးမြှင့်ရရှိရေး၊ နည်းပညာများ လွှဲပြောင်းရယူနိုင်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့သည် အထူးအရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘဲလ်လမ် ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးကြေညာချက်ကို ထောက်ခံပါကြောင်း၊ အပူပိုင်းသစ်တောများ ထာဝရရန်ပုံငွေ(Tropical Forests Forever Facility-TFFF)တည်ထောင်ခြင်း၊ ဆင်းရဲနွမ်းပါးမှုနှင့် ပြည်သူဗဟိုပြု ရာသီဥတုဆိုင်ရာလှုပ်ရှားမှုများနှင့် ဘက်စုံတောမီးစီမံအုပ်ချုပ်မှုဆိုင်ရာလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်မည်ကို အတည်ပြု အကြောင်းကြားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ကာ ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာအသိုက်အဝန်းနှင့်နီးကပ်စွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ရာသီဥတုနှင့် သဘာဝ၊ သစ်တောများနှင့် သမုဒ္ဒရာများခေါင်းစဉ်ဖြင့် ဘာသာရပ်ဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲသို့တက်ရောက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပြောကြားသည်။

ကမ္ဘာ့ရာသီဥတု ထိပ်သီးအစည်းအဝေးသည် ရာသီဥတုပြောင်းလဲမှုလျော့ချရေးအတွက် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံသောနည်းလမ်းများကို အဓိကထားသည့် ဦးဆောင်ဖိုရမ်တစ်ခုဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ကာ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း (UNFCCC)အဖွဲ့ဝင်နိုင်ငံများ ညီလာခံနှင့်အတူကျင်းပသော အရေးကြီးသည့် ထိပ်သီးအစည်းအဝေးတစ်ခုဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## နိုင်ငံသားစိစစ်ရေးကတ်မရှိသူများနှင့် ပျောက်ဆုံးသူများအား မှတ်ပုံတင်အသစ် ပြုလုပ်ဆောင်ရွက်ပေး

**မန္တလေး နိုဝင်ဘာ ၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများနှင့် ပျောက်ဆုံးသူများအား မှတ်ပုံတင်အသစ်များ ပြုလုပ်ပေးခြင်းလုပ်ငန်းတာဝန်များကို ချမ်းအေးသာစံမြို့နယ် ဒေးဝန်းအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ချမ်းအေးသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများမှ နိုင်ငံသားစိစစ်ရေးကတ်/ကိုင်ဆောင်လက်မှတ်မရှိသူများနှင့် ပျောက်ဆုံးသူ ကျားလေးဦး၊ မလေးဦး စုစုပေါင်းရှစ်ဦးတို့အား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ဒေးဝန်းအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမင်းဇော်နှင့် ရာအိမ်မှူးများမှ လိုအပ်သည်များကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

၀-၀-၀-၀-၀

## ဥပဒေပညာရပ်ဆိုင်ရာ အသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းပြုလုပ်

**မန္တလေး နိုဝင်ဘာ ၉**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် မြို့နယ်အဆင့်ဥပဒေပညာရပ်ဆိုင်ရာ အသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းကို ယမန်နေ့ မနက်ပိုင်းက အမှတ် ၂၇ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်သည်။

အဆိုပါသင်တန်းတွင် မြို့နယ်ပညာရေးမှူး ဒေါ်အေးသန္တာနိုင်က ကြီးကြပ်၍ နည်းပြသုံးဦးဖြင့် သင်တန်းကို စာတွေ့လက်တွေ့ သင် ကြားပို့ချသွားမည်ဖြစ်ရာ ပြည်ကြီး တံခွန်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ အထက်တန်းအဆင့်သင် ဆရာ၊ ဆရာမ ၅၂ ဦး တက်ရောက်ခဲ့ပြီး ယင်းသင်တန်းကို နိုဝင်ဘာ ၈ ရက်မှ ၉ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်း သိရ သည်။

**စင်မင်းမောင်(ခရိုင်/ပြန်/ဆက်)**

၀-၀-၀-၀-၀

၀-၀-၀-၀

## မဲစာရင်းမှန်ကန်ရေးအတွက် မဲစာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၉**

အောင်မြေသာစံမြို့နယ်တွင် မဲစာရင်းမှန်ကန်ရေးအတွက် မဲစာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ပြုလုပ်ကြသည်။

မဲစာရင်းစစ်ဆေးခြင်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက မဲစာရင်းများမှန်ကန်စေရေးအတွက် ပူးပေါင်း၍ စစ်ဆေးကြခြင်းဖြစ်ကြောင်း သိရသည်။ (၀၃၇)

## ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အစည်းအဝေး ကျင်းပ

**မိုင်းယောင်း နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေဦးစွာ နံနက် ၈ နာရီတွင် အမှတ် ၆ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းသားစေလွှတ်နိုင်ရေး ဆွေးနွေးပြီး ခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ထို့နောက် ဗလမင်းထင်ခန်းမတွင် ရွေးကောက်ပွဲအကြိုကာလ၌ လုပ်ဆောင်ရမည့်ကိစ္စရပ်များ၊ ရွေးကောက်ပွဲ၏ ပုံရိပ်ကိုထိခိုက်စေသော ဆောင်ရွက်ချက်များမရှိစေရန်စသည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်အဆင့်ဌာနများ၊ မြို့အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာရေးများ စုစုပေါင်း အင်အား ၅၄ ဦး တက်ရောက်ကြကြောင်း သိရသည်။

(၅၀၅)

၀-၀-၀-၀-၀

၀-၀-၀-၀

## အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)၌ ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ အခြေခံစားသောက်ကုန်များအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်ဆည်၊ နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးဆောင်မှုဖြင့် ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းနှင့် အသား၊ ငါးဒိုင်များပူးပေါင်း၍ ယနေ့နံနက်ပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်)၌ ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် အသား၊ ငါးနှင့် စားအုန်းဆီများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။



အခြေခံစားသောက်ကုန်များရောင်းချရာ၌ ပစ္စည်းအရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စေရေး ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ကြီးကြပ်၍ လက်ရှိပေါက်ဈေးအပေါ် ၂၀ ရာခိုင်နှုန်းလျှော့ချ၍ ဝက်သားပိဿာ ၂၀၊ အမဲသား ၂၅ ပိဿာ၊ ဆိတ်သား ၁၅ ပိဿာ၊ စားအုန်းဆီ ပိဿာ ၁၀၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**သက်မောင်၊ ကျောက်ဆည်**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်



**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





မြဝတီမြို့နယ် သောင်ရင်းမြစ်ကမ်းတစ်လျှောက်၌ တရားမဝင်ဖွင့်လှစ်ထားသည့် ကုန်သွယ်ရေးဂိတ်များနှင့် အဆောက်အအုံများအား ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

✪ ရွှေဖုံးမှ

ယနေ့နံနက်ပိုင်းတွင် စက်၊ ယာဉ်၊ ယန္တရားများနှင့်အတူ မြဝတီမြို့ အမှတ်(၅)ရပ်ကွက်ရှိ ၃၅ ဂိတ် ဒေသအခေါ် အောင်ပါဝါဂိတ်-၂ ကို သွားရောက်စစ်ဆေးပြီး အလျား ပေ ၁၂၀၊ အနံပေ ၆၀၊ အမြင့် ၂၅ ပေရှိ သံဖရိန်၊ အုတ်တက်၊ သွပ်မိုးသွပ်ကာ ပစ္စည်းသိုလှောင်ရုံအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။

**"မြဝတီမြို့ သောင်ရင်းမြစ်ကမ်း တစ်လျှောက်မှာရှိတဲ့ တရားမဝင်ဖွင့်လှစ်ပြီး ကုန်သွယ်နေတဲ့ နယ်စပ်ဂိတ် ၃၀ မှာရှိတဲ့ ကုန်ပစ္စည်းသိုလှောင်တဲ့ ဂိုဒေါင်တွေ၊ လှေဆိပ်ကင်းတဲနဲ့ လှေဆိပ်အစောင့်တဲတွေ၊ လှေဆိပ်အဆင်းအုတ်လှေကားတွေ ကုန်တင်ကုန်ချ လျှောလမ်းတွေကို အောက်တိုဘာ ၃၁ ရက်က စပြီးတော့ စစ်ဆေးဖျက်ဆီးရှင်းလင်းတာတွေ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ရှင်းလင်းပြီးစီးမှုအနေနဲ့ကတော့ ၁၉ ဂိတ်၊ ကျောက်ဖျာဂိတ်၊ ကပေါ်ထူးဂိတ်၊ ၁၄ ဂိတ်၊ ၈ ဂိတ်/၈ ဂိတ်ခွဲ၊ ၉ ဂိတ်ဒေသအခေါ် အောင်ပါဝါဂိတ်၊ ၁၈ ဂိတ် ဒေသအခေါ် နေစိုးမြဂိတ်၊ ၁၃ ဂိတ်၊ သုညဂိတ်နဲ့ ၁၀ ခွဲဂိတ် ဒေသအခေါ် ၉၉၉ ဂိတ်တို့ဖြစ်ပါတယ်"** ဟု တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ထို့ပြင် ဖယ်ရှားရှင်းလင်းရေးအဖွဲ့ဝင်များက ထပ်မံ၍ ကင်းစခန်း (၂)၊ (၁၂) ဂိတ် ကင်းစခန်း (၃)၊ (၁၄) ဂိတ် ကင်းစခန်း(၁) နှင့် Grand Myawaddy ဂိတ် ကင်းစခန်း(၅) တို့ကို သွားရောက်စစ်ဆေး ရှင်းလင်းခဲ့ကြသည့်အပြင် ဂိတ်စခန်းအဖြစ်မှ ဖျက်သိမ်းထားသည့် သဖန်းပင်ဂိတ်၊ သဲပုံဂိတ်၊ ကျောက်တန်းဂိတ်နှင့် မာမီဂိတ်တို့ကိုလည်း စစ်ဆေးရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"နိုင်ငံတော်က သတ်မှတ်ထားတဲ့ တရားဝင်ကုန်သွယ်ရေးဇုန်တွေကနေ ကုန်ပစ္စည်းတွေကို မတင်သွင်းဘဲ၊ တရားမဝင်ဂိတ်တွေကနေ ငွေကြေးရယူပြီး မြန်မာနိုင်ငံထဲကို ကုန်ပစ္စည်းတွေ တင်သွင်းတာမျိုးရှိပါတယ်။ ဒီတော့ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်ဘဏ္ဍာငွေတွေ အများကြီးနစ်နာဆုံးရှုံးပါတယ်။ တစ်ဖက်နိုင်ငံအနေနဲ့ တရားမဝင် တင်သွင်းတဲ့



မြဝတီမြို့နယ် သောင်ရင်းမြစ်ကမ်းတစ်လျှောက်၌ တရားမဝင်ဖွင့်လှစ်ထားသည့် ကုန်သွယ်ရေးဂိတ်များနှင့် အဆောက်အအုံများအား ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

လမ်းကြောင်းတွေ အနီးမှာ တရားဝင်ဂိတ်တွေ ဖွင့်လှစ်ထားရှိပြီး ကောက်ခံတဲ့အတွက် အခွန်အခတွေ မဆုံးရှုံးဘူး။ ဒီလိုမျိုး ဆောင်ရွက်နေတာက သူတို့အနေနဲ့ တရားမဝင်ကုန်သွယ်မှုကို အားပေးရာရောက်နေတဲ့အတွက် သတ်မှတ်ထားတဲ့ တရားဝင် ကုန်သွယ်ရေးလမ်းကြောင်းတွေကနေပဲ ကုန်ပစ္စည်းတွေကို တင်သွင်းသင့်ပါတယ်"ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

အောင်ဂျိုင်း

ဓာတ်ပုံ-မင်းမင်း





မြဝတီမြို့နယ် သောင်ရင်းမြစ်ကမ်းတစ်လျှောက်၌ တရားမဝင်ဖွင့်လှစ်ထားသည့် ကုန်သွယ်ရေးဂိတ်များနှင့် အဆောက်အအုံများအား ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၄၈ ရက်**

**သာ လိုတော့သည်။**

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅)ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် ၁၀၀ မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP)မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မန္တလေးလျှောင်ကြီးကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေးအမြန်လမ်း (မန္တလေး-နေပြည်တော်အပိုင်း)ရှိ လမ်းတံတားပြုပြင်နေမှုနှင့် ဒုဋ္ဌဝတီတံတားအသစ်ပြန်လည်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၉

အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်-မန္တလေး အမြန်လမ်း (မန္တလေး-နေပြည်တော်အပိုင်း) မိုင်တိုင် (၃၅၈/၁) တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဒုဋ္ဌဝတီ တံတားအသစ် ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် တံတားတည်ဆောက်ရေး တာဝန်ခံ အင်ဂျင်နီယာက မန္တလေးလျှောင်ကြီးကြောင့် မူလဒုဋ္ဌဝတီတံတားပျက်စီးမှု၊ တံတားသစ် တည်ဆောက်ရန် မြေနေရာရွေးချယ်မှု၊ အသစ် တည်ဆောက်မည့် တံတားဆိုင်ရာအချက်အလက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး၊ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ရန်ကုန်-မန္တလေးအမြန်လမ်း (မန္တလေး-နေပြည်တော်အပိုင်း)တွင် မန္တလေးလျှောင်ကြီးကြောင့် ပျက်စီးသွားသော လမ်းအပိုင်းများ ပြန်လည်ပြုပြင်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော လမ်း၊ တံတားများ အပိုင်းလိုက်ပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရန်၊ အသစ်ပြန်လည်တည်ဆောက်ရာတွင် ငလျင်ဒဏ်ခံနိုင်သော ဒီဇိုင်းဖြင့် စနစ်တကျတွက်ချက်ဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်ရန် မှာကြားပြီး တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုင်တိုင်(၃၆၀/၀)ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော မြစ်ဆွတ်ချောင်းတံတားပြုပြင်နေသည့်လုပ်ငန်းခွင်၌ ပင်မတံတားနှင့် ချဉ်းကပ်လမ်းများပြုပြင်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မန္တလေးလျှောင်ကြီးကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေးအမြန်လမ်း (မန္တလေး-နေပြည်တော်အပိုင်း) မိုင်တိုင်(၃၆၆/ ၃မှ ၃၆၁/၃ အထိ) ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း ပြီးစီးနေမှု၊ မိုင်တိုင်(၃၆၁/၄)တွင် ကတ္တရာကွန်ကရစ်ခင်းခြင်းဆောင်ရွက်နေမှု၊ လမ်းမြေသား အမာခံရရှိရေး စက်ယန္တရားများဖြင့် ခင်းကြိတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့်အရည်အသွေး ပြည့်မီရေး၊ လမ်းမြေသားအမာခံရရှိရေး စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ရန်ကုန်-မန္တလေး (လမ်းဟောင်း) (နေပြည်တော်-မန္တလေးလမ်းပိုင်း) မိုင်တိုင် (၃၅၅/၀) ရှိ ယုဇနတံတားသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ရန်ကုန်မှ မန္တလေးသို့သွားသည့် အသွားလမ်းဘက်ခြမ်းရှိ တံတားတိုင်များ ပြိုကျပျက်စီး၍ ကြမ်းခင်းနှင့် ရက်မများ နိမ့်ကျပျက်စီးမှုအား ပြန်လည်တည်ဆောက်နေသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်လည်ပတ်သည့် ပြည်ပနိုင်ငံသားများ စက်ဘီးစီး၍ လည်ပတ်သူများပြား

ညောင်ဦး နိုဝင်ဘာ ၉

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်လည်ပတ်လေ့လာသည့် ပြည်ပ ခရီးသွားဧည့်သည်များသည် စက်ဘီးများငှားစီး၍ ရှေးဟောင်းအဆောက်အအုံများကို လေ့လာကြကြောင်း၊ ပြည်တွင်းခရီးသွားဘုရားဖူးများသည် E-Bike နှင့် မီနီအိုးဝေ ငှားရမ်း၍ ဘုရားဖူးသူ များပြားကြောင်း ပုဂံ-ညောင်ဦးပြည်တွင်းဧည့်လမ်းညွှန်များထံမှ သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလတို့တွင် အခြားလများထက် ခရီးသွားဘုရားဖူး ပိုမိုဝင်ရောက်လာကြပြီး ပြည်ပနိုင်ငံသားများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လည်ပတ်လေ့လာရာတွင် စက်ဘီးငှားရမ်း၍ လည်ပတ်မှုများပြားကာ ပြည်တွင်းခရီးသွားဧည့်သည်အများစုသည် E-Bike ၊ မီနီအိုးဝေ၊ မြင်းလှည်းငှားရမ်းစီးနင်းမှုများပြားပြီး ခရီးသွားအများစုက မိမိတို့ငှားရမ်းလာသည့် မော်တော်ကားများဖြင့် လည်ပတ်ကြသည်။ ပြည်ပနိုင်ငံသားအများစုသည် နံနက်ပိုင်း၊ နေ့လယ်ပိုင်းတို့တွင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လေ့လာကြပြီး ညနေပိုင်းတွင် နေဝင်ဆည်းဆာကြည့်တောင်ကုန်းများမှ ပုဂံဒေသ၏ နေဝင်ဆည်းဆာ ရှုခင်းများကို ကြည့်ရှုကြကြောင်း၊ ပြည်တွင်းဘုရားဖူးခရီးသွားအများစုသည် သမိုင်းအထင်ကရဘုရားများကို သာ နေ့ချင်းပြန် ဖူးမြော်ခြင်း၊ အလှူခံတော်ပုံရိုက်ကူးခြင်း၊ လက်အလှုပန်းချီဆွဲခြင်း၊ ရပ်ဝေးဒေသမှ ခရီးသွားဘုရားဖူးများသည် ရွှေစည်းခုံဘုရား၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ဆုတောင်းပြည့် ပြည့်ငါးပြည့်၊ ရှင်အရှင်ကောဇာဘုရား၊ မနူဟာဘုရား၊ အလိုတော်ပြည့် ဘုရား၊ အာနန္ဒာဘုရားတို့တွင် ဆွမ်း၊ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ တရားထိုင်ခြင်းများ ပြုလုပ်ရန်လာရောက်ကြခြင်းဖြစ်သည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်သည့် ပြည်ပနိုင်ငံသားဧည့်သည်များသည် စက်ဘီးစီးခြင်းများဖြင့် ရှေးဟောင်းစေတီ၊ ပုထိုး၊



သာသနိကအဆောက်အအုံများကို လေ့လာမှုများပြားကြောင်း လတ်ဗီးယားနိုင်ငံသားများ ဧည့်လမ်းညွှန် ဒေါ်ဝင်းသီတာက ပြောသည်။

(အပေါ်ပုံ)

(၄၈၁)

# ကျောက်မဲမြို့တွင် ပညာပန်းတို့ တစ်ဖန်ပြန်လည် ပွင့်လန်းနေပြီ

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များပေါ်များခြင်းဖြစ်သည်။ ယနေ့ ကလေးသူငယ် လူငယ်လူရွယ်များသည် အနာဂတ်တွင် မိသားစု၊ ပတ်ဝန်းကျင်နှင့် နိုင်ငံတော်ကို အကောင်း၊ အဆိုးဖန်တီးနိုင်သူများဖြစ်ပြီး ပညာသင်ကြားဆည်းပူးရေးကို အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ကာ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ယူနိုင်ရေး မိဘ၊ ဆရာ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများအားလုံးက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

## တွေ့ဆုံမေးမြန်း
## T Z T(MoE)

ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက "နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"ဆိုသည့် ဦးတည်ချက်ကိုချမှတ်ပြီး ပညာရေးကဏ္ဍကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များတွင် အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တည်ငြိမ်အေးချမ်းမှုများပျက်စီးပြီး ကျောင်းများပိတ်ထားခဲ့ရသောကြောင့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြား၊ သင်ယူမှုအခွင့်အလမ်းများ စာသင်နှစ်တစ်နှစ်ခန့် ဆုံးရှုံးနစ်နာခဲ့ရသည်။

ယခုအခါ ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မြို့ကြီးများဖြစ်သော နောင်ချို၊ ကျောက်မဲ၊ သီပေါမြို့များကို တပ်မတော်က အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နေပြီဖြစ်ကာ အခြေခံပညာကျောင်းများတွင် စာသင်နောက်ကျခဲ့ရသည့် ကျောင်းသား ကျောင်းသူများအတွက် အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေး အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ ကျောက်မဲမြို့နယ်အတွင်း အခြေခံပညာကျောင်းများတွင် စာသင်နောက်ကျခဲ့ရသည့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပြန်လည်ပညာသင်ကြားနိုင်ပြီဖြစ်ရာ ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ၏ ဝမ်းသာပီတိစကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-



ဒေါ်နန်းမူရင်(ကျောင်းအုပ်ကြီး)



မောင်ကျော်ဇင်မင်းထက်



နန်းဥမ္မာဦး



မောင်မင်းခန့်သော်



ဦးကျော်စွာဝင်း



ကျောင်းသားမိဘတစ်ဦး

**ဒေါ်နန်းမူရင်(ကျောင်းအုပ်ကြီး)**
**အမှတ်(၃)အခြေခံပညာနှင့်**
**စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း**
**ကျောက်မဲမြို့**

တိုက်ပွဲတွေဖြစ်ပွားတဲ့ကာလမှာ ရှမ်းအရှေ့ တာချီလိတ်ကို ခေတ္တသွားနေခဲ့ရပါတယ်။ အဲဒီကို သွားတဲ့အခါမှာလည်း လမ်းခရီးမှာ အခက်အခဲအမျိုးမျိုးကြုံတွေ့ခဲ့ရတယ်။ အခု ကျောက်မဲမြို့ကို ပြန်လည်ရောက်ရှိလာတုန်းက ကျွန်မတို့ကျောင်းပျက်စီးမှုကိုကြည့်ပြီး အလွန်စိတ်မကောင်းဖြစ်ရပါတယ်။ ကလေးတွေ အရင်လိုစာသင်နိုင်ဖို့ အတတ်နိုင်ဆုံးကြိုးစားပေးမှာဖြစ်ပါတယ်။ အခု ကျွန်မတို့ ဆရာဆရာမတွေ၊ ရပ်မိရပ်ဖတွေပူးပေါင်းပြီး ကျောင်းကြီးသာယာလှပရေး စွမ်းဆောင်ကြိုးစားနေပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ကျောင်းကိုပြန်ရောက်လာတဲ့အတွက် အများကြီးဝမ်းသာအားရမိပါတယ်။ ကျောက်မဲမြို့မှာ အရင်လို အေးအေးချမ်းချမ်းသာသာယာယာနဲ့ ကျောင်းမှာ ကျောင်းသား ကျောင်းသူတွေ စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင် ကျောင်းတက်နေရတာကို မြင်ရတဲ့အတွက် ဆရာမတစ်ဦးအနေနဲ့ အများကြီးစိတ်ချမ်းသာရပါတယ်။

**မောင်ကျော်ဇင်မင်းထက်(Grade –12)**
**အထက(၁) ကျောက်မဲမြို့**

ကျွန်တော်ကတော့ အထက(၁) Grade-12 STEAM-1 က ကျောင်းသားတစ်ဦးဖြစ်ပါတယ်။ ကျောင်းတက်နေစဉ် ရုတ်တရက်ဖြစ်ရတဲ့တိုက်ပွဲကြောင့် ခေတ္တနေရပ်ရှောင်ခဲ့ရပါတယ်။ တခြားမြို့၊ တခြားရွာမှာ သွားနေခဲ့ရပါတယ်။ ကိုယ့်အရပ်ဒေသမဟုတ်တဲ့အတွက် အခက်အခဲများစွာရှိခဲ့ပါတယ်။ ကျောင်းတွေဖွင့်တော့ ကျောင်းတက်ချင်မိပါတယ်။ အခုကတော့ကိုယ့်နေရပ်မှာကျောင်းပြန်တက်ရတော့ အင်မတန်ပျော်မိပါတယ်။ ကျောင်းနားပြီး စိတ်ကအပြင်ရောက်တာနဲ့စာရင် ကျောင်းပညာရေးမှာ စိတ်နှစ်ထားတာက ပိုပြီးကောင်းပါတယ်။

**မနန်းဥမ္မာဦး (Grade –12)**
**အထက(၁) ကျောက်မဲမြို့**

ကျွန်မ Grade-12 STEAM-1 ကျောင်းသူ ဖြစ်ပါတယ်။ တိုက်ပွဲဖြစ်တဲ့အချိန်မှာ ကျွန်မတို့ မန္တလေးဘက်မှာ သွားရှောင်နေရပါတယ်။ ကိုယ်နေဖူးတဲ့ဒေသမဟုတ်တဲ့အတွက်ကြောင့် မပျော်ခဲ့ဘူး။ အခက်အခဲတွေရှိခဲ့ပါတယ်။ အခုကတော့ ကျွန်မတို့ ကျောက်မဲမြို့မှာ ကျောင်းပြန်ဖွင့်နေပြီဖြစ်တဲ့အတွက် ကိုယ့်အိမ်၊ ကိုယ့်ဒေသမှာ နေခွင့်ရတယ်၊ ကျောင်းလည်း ပြန်တက်ခွင့်ရတဲ့အတွက် တကယ်ကိုဝမ်းသာမိပါတယ်။

**မောင်မင်းခန့်သော် (Grade –12)**
**အထက(၁) ကျောက်မဲမြို့**

တိုက်ပွဲဖြစ်ပွားစဉ်ကာလအတွင်း ပြင်ဦးလွင်က ဘုန်းကြီးကျောင်းမှာ ခေတ္တရှောင်နေခဲ့ရပါတယ်။ ပညာရေးအတွက် အခက်အခဲတွေအများကြီးရှိခဲ့ပါတယ်။ လျှပ်စစ်မီးအဆင်မပြေတာ၊ ခရီးသွားလာရေးအဆင်မပြေတာတွေ ရှိခဲ့ပါတယ်။ အခုကတော့ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ကျောင်းကို ပြန်လာရတဲ့အတွက် အင်မတန်ပျော်ရွှင်မိပါတယ်။ ကိုယ့်နေရပ်ကကျောင်းမှာပဲ စာပြန်သင်ယူနိုင်ပါပြီ။ ဆရာ ဆရာမတွေက စေတနာထားပြီး သင်ကြားပေးကြတယ်၊ ဆရာဆရာမတွေက အကောင်းဆုံးနဲ့ အစွမ်းဆောင်နိုင်ဆုံး ကြိုးစားပေးကြပါတယ်။ ဒါကြောင့် အခု ကျောင်းမှာ စာပြန်လည်သင်ကြားရမှုက အဆင်ပြေပါတယ်။ ကျောင်းကို မရောက်လာသေးတဲ့ သူငယ်ချင်းတွေကို အရှုံးမပေးပါနဲ့၊ ကြိုးစားကြပါလို့ ပြောချင်ပါတယ်။ ကျောင်းပြန်လာတက်ဖို့လည်း တိုက်တွန်းချင်ပါတယ်။

**ဦးကျော်စွာဝင်း(ကျောင်းသားမိဘ)**
**ကျောက်မဲမြို့**

အခုလို ကျောင်းတွေပြန်လည်ဖွင့်လှစ်ပြီး ကိုယ့်မြို့၊ ကိုယ့်ရွာမှာပဲ ကလေးတွေ အေးအေးချမ်းချမ်း စာပြန်သင်ခွင့်ရတာ မိဘတစ်ဦးအနေနဲ့ အတိုင်းမသိဝမ်းသာမိပါတယ်။ ကျောင်းတက်ရင်းနဲ့ တိုက်ပွဲရှောင်ပြီး တခြားနေရာဒေသမှာ သွားနေရတဲ့အခါ ကိုယ့်ရပ်ရွာမဟုတ်တဲ့အတွက် တကယ်တော့ အဆင်မပြေတာတွေ အများကြီးရှိခဲ့ပါတယ်ခင်ဗျာ။ ကျွန်တော့်သားသမီးတွေကို ကိုယ့်မြို့၊ ကိုယ့်အိမ်ကနေ အေးအေးချမ်းချမ်း အဆင်ပြေပြေနဲ့ ကျောင်းတက်စေချင်တာပါ။

ယခုအခါ ကျောက်မဲဒေသ၌ နယ်မြေအေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ ကျောင်းတံခါးများ ဖွင့်လှစ်ကာ စာသင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုအသံများ၊ စာကျက်စာအံသံများဖြင့် လွှမ်းခြုံနေပြီဖြစ်သည့်အတွက် ဒေသခံမိဘပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ဝမ်းသာကြည်နူးမှုက အတိုင်းမသိပင်။ ဆက်လက်၍လည်း မိမိတို့အရပ်၊ မိမိတို့ဒေသတွင် ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများ ကျောင်းသို့ရောက်ရှိရေး၊ အချိန်မတိုင်မီ ကျောင်းမထွက်ကြရေး၊ တန်းစဉ်မှန်မှန်ကူးပြောင်းရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အဆင့်မြင့်ပညာများ သင်ယူပြီးမြောက်ရေးအတွက် မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများအားလုံးက ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ကြပြီး စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

## KG ကျောင်းသား၊ ကျောင်းသူများအား အာဟာရထမင်းကျွေး

**မြင်းခြံ နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း၌ အာဟာရထမင်းကျွေးခြင်းကို နိုဝင်ဘာ ၆ ရက် နံနက် ၁၁ နာရီက ပြုလုပ်ခဲ့သည်။

"၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြင်းခြံမြို့ အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းရှိ KG ကျောင်းသား၊ ကျောင်းသူ ၁၆ ဦးအား ကြက်ဥဟင်း၊ ပဲနပ်၊ ချဉ်ရည်ဟင်းဖြင့် ထမင်းကျွေးခြင်း အပြင် ပေါင်မုန့်နှင့် အာဟာရမုန့်များပါ ကျွေးမွေးခဲ့ပြီး သွားတိုက်ဆေး၊ သွားတိုက်တံများ ပေးအပ်လှူဒါန်းခဲ့ပါတယ်"ဟု ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယခရိုင်မှူး ဒေါက်တာဇင်မာသန်းထွန်းက ပြောသည်။

အဆိုပါ အာဟာရထမင်းကျွေးခြင်းသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (၃၆၆)

**အင်္ဂလိပ် ပရီးမီးယားလိဂ်ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁) အနိုင်၊ အရှုံး (NGB)**

| | | | |
|---|---|---|---|
| ဗီလာ | ၄ | - ၀ | ဘုန်းမောက် |
| ဘရန့်ဖို့ဒ် | ၃ | - ၁ | နယူးကာဆယ် |
| ပဲလေ့စ် | ၀ | - ၀ | ဘရိုက်တန် |
| နော်တင်ဟမ် | ၃ | - ၁ | လီဒ်စ် |

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀)အနိုင်၊ အရှုံး (NGB)**

| | | | |
|---|---|---|---|
| ဖရိုင်းဘတ် | ၂ | - ၁ | စိန့်ပေါ်လီ |
| ဓတ္တဂတ် | ၃ | - ၂ | အော့စ်ဘတ် |

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁)အနိုင်၊ အရှုံး (NGB)**

| | | | |
|---|---|---|---|
| အတ္တလန္တာ | ၀ | - ၃ | ဆက်ဆူအိုလို |
| ဘိုလော့ညာ | ၂ | - ၀ | နာပိုလီ |
| ဂျီနိုအာ | ၂ | - ၂ | ဖီအိုရင်တီးနား |
| ရိုးမား | ၂ | - ၀ | အူဒီးနီးစ် |

**ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၂)အနိုင်၊ အရှုံး (NGB)**

| | | | |
|---|---|---|---|
| လိုရီယန့် | ၁ | - ၁ | တူးလော့ |
| အန်ဂါစ် | ၂ | - ၀ | အော်ဇေး |
| မက်ဇ် | ၂ | - ၁ | နိစ် |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၂) အနိုင်၊ အရှုံး (NGB)**

| | | | |
|---|---|---|---|
| ဘီလ်ဘာအို | ၁ | - ၀ | အိုဗီအေဒို |
| ပက်လက်ကာနို | ၀ | - ၀ | ရီးရဲလ်မက်ဒရစ် |

# ရတနာပုဏ္ဏဝရဒါဠာဓာတုစေတီယစွယ်တော်မြတ်စေတီတော်(မန္တလေး) ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၉**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ရှားတောလေးကျေးရွာအနီးရှိ မဟာဓမ္မရုံသီကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်တော်မူအပ်သော ရတနာပုဏ္ဏဝရဒါဠာဓာတုစေတီယစွယ်တော်မြတ်စေတီတော် (မန္တလေး) ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့် ပြန်လည်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူ၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝတ်အသင်းများ၊ စေတနာရှင် အလှူရှင်များ၊ ဧည့်ပရိသတ်များ၊ မြို့မိမြို့ဖများနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး တေးသံရှင်အဖွဲ့က ဗုဒ္ဓရောင်ခြည်တော်ဘွဲ့ ထူးမခြားနားသီချင်းဖြင့် သီကျူးပူဇော်ပြီးနောက် နတ်ပြဟ္မာဟာများပင့်ဖိတ်ခြင်းများကို ဆောင်ရွက်ကြသည်။

၎င်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်ပြီးနောက် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော်ရင်ပြင်တွင် ပက်ဖျန်း ကြဲဖြန့် ချည်နှောင်တားဆီးကာရံကြသည်။

၎င်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ထံ ရတနာစိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရနှင့် ဆရာတော်ကြီးများထံ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့နှင့် လှူဖွယ်ပစ္စည်းများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဆက်ကပ်လှူဒါန်းကြပြီးနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပင့်ဆောင်ပူဇော်ကြသည်။

၎င်းနောက် မင်္ဂလာအချိန်တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား မင်္ဂလာပန်းရထားဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်၍ တင်လှူပူဇော်ကြပြီး ဆရာတော်၊ သံဃာတော်များက ဇယန္တောဗောဓိယာမူလေ အစချီသော ဂါထာကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြပြီးနောက် မင်္ဂလာအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းကြကာ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တင်လှူပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ် ရတနာရွှေမိုး၊ ငွေမိုးများရွာသွန်းဖြိုးခဲ့ကြကြောင်းနှင့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ









သတင်း-စာမျက်နှာ ၆













# ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

**ရမည်းသင်း နိုဝင်ဘာ ၉**

ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့်ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်းရတနာခန်းမတွင် ကျင်းပသည်။



ဆွေးနွေးပွဲသို့ ရမည်းသင်းခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များ၊ တောင်သူများ၊ စိုက်ပျိုးရေးပစ္စည်းရောင်းချသည့် လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးထွက်ကုန်ဝယ်ယူကြိတ်ခွဲသည့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲ၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိန်မြင့်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်မျိုးဝေက ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သင်းသင်းထက်က ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့်ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ တိုင်းဒေသကြီးမြေအသုံးချရေး တာဝန်ခံ ဒေါ်သင်းသင်းချိုက မြေဆီလွှာစီမံခန့်ခွဲမှု နည်းလမ်းများနှင့် ဓာတ်မြေဩဇာ စနစ်တကျအသုံးပြုနည်းများ၊ တိုင်းဒေသကြီးမျိုးစေ့တာဝန်ခံ ဒေါ်မင်းမင်းသွင်က ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်သုံးစွဲရေးတို့ကို အသီးသီးဆွေးနွေးပြောကြားပြီးနောက် တက်ရောက်လာသူများ၏ သိရှိလိုသည့်ဆွေးနွေးမှုအပေါ် ပြန်လည်ဆွေးနွေးပြီး ပညာပေးစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

# အကြိမ်(၁၃၀)မြောက် သွေးလှူဒါန်း

**မန္တလေး နိုဝင်ဘာ ၉**

မန္တလေး၊ ရတနာပုံတိုရ်ရှာန် ဥယျာဉ် လုံခြုံရေးဌာနမှ ဦးမြင့်လွင် (လူမှုထူးချွန်ပထမဆင့်၊ ခန္ဓာကိုယ်နှင့် မျက်ကြည်လွှာအလှူရှင်) သည် နိုဝင်ဘာ ၆ ရက်က မန္တလေးပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် ဓိဝိတဒါနအဖြစ် အကြိမ်(၁၃၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(ဝ၄ဝ)**



# ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)က ငင်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၉

ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)ဥက္ကဋ္ဌ သီရိပျံချီ စိုင်းအိုက်ပေါင်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



မိုင်ဆုန်ခ- မင်္ဂလာပါ၊

ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)ရဲ့ ဥက္ကဋ္ဌ သီရိပျံချီ စိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းနှင့် တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)ဟာ (၂၃-၆-၂၀၂၃) ရက်နေ့မှာ ပါတီမှတ်ပုံတင်အမှတ် (၂၈/၂၀၂၃)နဲ့ ပါတီတည်ထောင်ခွင့်ရရှိခဲ့ပါတယ်။ ဒီပါတီသစ်ကို တည်ထောင်ရခြင်းရဲ့ ရည်ရွယ်ချက်ကို ဦးစွာပထမ တင်ပြလိုပါတယ်။

(၂၀၁၀)ခုနှစ်မှာ ရှမ်းအမျိုးသားရေးအတွက် ဦးတည်ပြီး တည်ထောင်ခဲ့တဲ့ ကျားဖြူပါတီဟောင်းရဲ့ အမည်က ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီဖြစ်ပြီး (၂၀၁၀)ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ် (၅၈)ဦး အနိုင်ရရှိခဲ့ပါတယ်။ ပြည်နယ်ဝန်ကြီး (၅)ဦးနဲ့ ပြည်ထောင်စု ဒုဝန်ကြီး (၁)ဦး ခန့်အပ်ခြင်း ခံခဲ့ရပါတယ်။ ဒါပေမဲ့ နိုင်ငံကို တိုးတက်ပြောင်းလဲနိုင်တဲ့အထိ မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ နိုင်ငံကို တိုးတက်ပြောင်းလဲနိုင်ဖို့အတွက်ဆိုရင် ခိုင်မာတောင့်တင်းတဲ့ ပါတီတစ်ရပ်ကို မဖြစ်မနေ ထူထောင်နိုင်ရမှာ ဖြစ်ပါတယ်။ သို့မှသာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တိုင်းရင်းသား (၁၃၅)မျိုးအပြင် နိုင်ငံသားတိုင်းကို ကိုယ်စားပြုတဲ့ ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)ကို တည်ထောင်ရခြင်း ဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။**

လက်ရှိ နိုင်ငံတော်ရဲ့ ပကတိအခြေအနေဟာ တိုင်းရင်းသားလက်နက်ကိုင်မျိုးစုံနဲ့ တော်လှန်ရေးအမည်ခံထားတဲ့ အဖွဲ့အစည်းတွေရဲ့ တော်လှန်ပုန်ကန်မှုတွေ ရှိနေတာကြောင့် ကျွန်တော်တို့ပါတီက **ပထမဦးစွာ ငြိမ်းချမ်းရေးကို** ရရှိအောင် ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။**

နိုင်ငံတွင်း လက်နက်ကိုင်ပဋိပက္ခအပြင် သဘာဝဘေးနှင့် စီးပွားရေးကပ်ဘေးဒုက္ခကို ခါးသီးစွာ ရင်ဆိုင်နေကြရတဲ့ကြားက ပြည်ပနိုင်ငံတွေရဲ့ စီးပွားရေးပိတ်ဆို့မှု(Sanction) ဒဏ်ရာဒဏ်ချက်တွေကိုပါ ကြုံတွေ့ခံစားနေရပါတယ်။ ဒီလိုအခက်အခဲမျိုးစုံကနေ ကျော်လွှားနိုင်ဖို့ဆိုရင် နယ်မြေတည်ငြိမ်ရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ဦးစားပေးဆောင်ရွက်ရမယ့်အပြင် နိုင်ငံတကာပိတ်ဆို့မှု(Sanction)တွေကို ရုပ်သိမ်းနိုင်အောင်လည်း ကျွန်တော်တို့ပါတီက ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့မှသာ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ပြန်လည်ဝင်ရောက်လာမှာဖြစ်ပြီး နိုင်ငံတော်ရဲ့ လူမှုရေး၊ စီးပွားရေး စတဲ့ ဘက်စုံကဏ္ဍတွေ ပြန်လည်ဦးမော့လာနိုင်မှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။**

လူငယ်တွေဟာ မိမိတို့ပညာရေးအတွက်၊ မိသားစုအတွက် ပြည်ပနိုင်ငံများသို့သွားပြီး အလုပ်လုပ်ကြဖို့ မျှော်လင့်ချက်တွေ ရှိနေကြပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ပြန်လည်ဝင်ရောက်လာတဲ့အခါ နိုင်ငံတော်ရဲ့ လူမှုစီးပွားရေး ပြန်လည်ဦးမော့လာမှာဖြစ်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ဒီအခါမှာ လူငယ်တွေရဲ့ ဘဝတက်လမ်း၊ အလုပ်အကိုင်တွေနဲ့ ယုံကြည်မှုတွေကို အာမခံချက်ပေးနိုင်ပြီဖြစ်လို့ လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးခြင်း၊ ယိုစီးခြင်းတွေ ရှိတော့မှာ မဟုတ်ပါဘူး။ လူငယ်တွေဟာ အလုပ်အကိုင်ရရှိရေးအတွက် ပြည်ပကို တရားမဝင်တဲ့ လမ်းကနေ ထွက်ခွာနေရတာကြောင့် ကုန်ကျစရိတ်တွေများပြားပြီး အန္တရာယ်ပေါင်းစုံနဲ့လည်း ကြုံတွေ့နေကြရပါတယ်။ ဒီလို နစ်နာမှုတွေ မဖြစ်စေဖို့အတွက် ပြည်ပအလုပ်အကိုင်ရှာဖွေရေး Agency တွေ ဖွဲ့စည်းပြီး တရားဝင် နိုင်ငံခြားပို့ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်လည်း တရားဝင် အခွန်ငွေတွေရ၊ လုပ်ငန်းခွင်အနိုင်ကျင့်ခြင်းကလည်း လွတ်ကင်းပြီး လူငယ်တွေ စိုးရိမ်ကြောင့်ကြမှုကင်းစွာနဲ့ စီးပွားရှာဖွေနိုင်မှာဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။**

စားဝတ်နေရေး အခက်အခဲနဲ့ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေကို စနစ်တကျ လျှော့ချနိုင်မှသာ ပြည်သူတွေရဲ့ စားဝတ်နေရေး အဆင်ပြေမှာဖြစ်ပါတယ်။ လစာနည်းတဲ့ စက်မှုဇုန်နဲ့ ကုမ္ပဏီက ဝန်ထမ်းတွေ၊ အစိုးရဝန်ထမ်းတွေ၊ အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းလာတဲ့ လူငယ်တွေ၊ မိသားစုဝင်တွေရဲ့ နေရေးထိုင်ရေးအတွက် တန်ဖိုးနည်းအဆောင်လိုမျိုး၊ အငှားအိမ်ရာစနစ်တွေ ဖော်ဆောင်နိုင်ဖို့နဲ့ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ထူထောင်နိုင်ဖို့ အထူးအတိုးနှုန်းချေးငွေတွေအပြင် ကုန်ကြမ်းပစ္စည်းတွေကိုလည်း သက်သာတဲ့ဈေးနှုန်းနဲ့ ပံ့ပိုးပေးဖို့ ကျွန်တော်တို့ပါတီက ရည်မှန်းထားပါတယ်။

အခြေခံစားသောက်ကုန်တွေဖြစ်တဲ့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် အစရှိတာတွေကို ဈေးနှုန်းအချိုသာဆုံးနဲ့ အလွယ်တကူ ရရှိရန် ဆောင်ရွက်ပေးသွားမှသာ ပြည်သူတွေ စားသောက်ရေး အဆင်ပြေမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။**

တိုင်းပြည်စီးပွားရေးနဲ့ ပြည်သူတွေရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေဖို့အပြင် အလုပ်အကိုင်အခွင့်အလမ်းတွေကိုပါ ဖော်ဆောင်နိုင်ဖို့အတွက် နယ်စပ်ကုန်သွယ်ရေးကလည်း အလွန်အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ ငြိမ်းချမ်းတည်ငြိမ်တဲ့ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ထိုင်းနယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းအသစ်တစ်ခုကို ကြိုးစားဖော်ဆောင်သွားနိုင်ဖို့ ရည်မှန်းထားပါတယ်။ ဒီလိုကုန်သွယ်ရေးလမ်းကြောင်းကို ဖော်ဆောင်နိုင်ခဲ့မယ်ဆိုရင် ရှမ်းပြည်နယ်အတွက်သာမကဘဲ တစ်နိုင်ငံလုံးအတွက်ပါ ကုန်ဈေးနှုန်းတွေ တည်ငြိမ်လာမှာဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေလည်း မြောက်မြားစွာပေါ်ထွန်းလာမှာဖြစ်လို့ တိုင်းပြည်စီးပွားရေးကို များစွာ အထောက်အကူပြုလာနိုင်မှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။**

စိုက်ပျိုးရေးကဏ္ဍမှာ မိမိဒေသအတွက် လိုအပ်နေတဲ့ စက်ယန္တရား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရင် အချိန်နဲ့ ဝင်ငွေ တိုးလာမှာဖြစ်ပါတယ်။ ဒါကြောင့် လူအင်အားသုံးပြီး လုပ်ကိုင်တဲ့ လက်မှုလယ်ယာကနေ ခေတ်မီနည်းစနစ်နဲ့ လူအင်အားသိပ်မလိုအပ်တဲ့ စက်မှုလယ်ယာစနစ်ကို ပြောင်းလဲနိုင်ရပါမယ်။ ဒါဟာလည်း ကျွန်တော်တို့ပါတီက ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။**



အချုပ်အားဖြင့်ဆိုရင် ကျားဖြူပါတီဟာ နိုင်ငံသားများရဲ့ ရပိုင်ခွင့်၊ ဆောင်ရွက်ပိုင်ခွင့်နဲ့အညီ ကိုယ်စားပြုပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့်ကို လေးစားတန်ဖိုးထားပြီး ပြည်သူတို့ရဲ့ ရင်ထဲက ပါတီ၊ ပြည်သူ့ထံမှ ပြည်သူ့ထံသို့ ကြိုးပမ်းဆောင်ရွက်မယ့်ပါတီ ဖြစ်ပါကြောင်း။ ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး ဗဟိုနဲ့ အောက်ခြေအဆင့်ဆင့်ကြား ကောင်းမွန်သော စီမံအုပ်ချုပ်မှုယန္တရားကို ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ...

သမိုင်းတခေတ် အသစ်ရေးထိုးကြမယ့် ဒီလိုအချိန်အခါမျိုးမှာ ကျားဖြူပါတီနဲ့အတူ လက်တွဲပြီး တည်တံ့တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို အတူတကွ ဝိုင်းဝန်းတည်ဆောက်ကြပါစို့ ...

အနာဂတ်ကောင်းဖို့ ပြည်ထောင်စုကြီးကို ပြန်လည်ဖန်တီးကြပါစို့......

Create Our Great Future again လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

### နိုင်ငံတည်ထောင်ချိန်

သံစဉ် - လှိုင်ဇော်ဝင်း
တေးရေး - လရောင်+လှိုင်ဇော်ဝင်း
တေးဆို - လရောင်+ညီညီ+ မ

Intro ------- 14 Bar

V1/ နိုင်ငံထူထောင်ချိန်မှာ............ စုပေါင်းကြစို့လေ(**ကျား**)....**ဆို**
ပြည်သူတွေနိုးကြလို့ ............ရင်ချင်းဆက်ကာရယ်
အသီးပွင့် ပန်းတွေ ............ယိမ်းကတော့မယ်
ကျားဖြူပါတီ ဦးဆောင်ကာရယ် ............ရှေ့သို့ချီမယ်
မျှော်မှန်းချက်တွေ အောင်မြင်ဖို့ ............ ကြိုးစားနေပါတယ်
တို့တွေမျှော်လင့် ............ တွေးလို့ ရင်ခုန်မယ်

V2/ ရင်မှာယုံကြည်စွာရယ်............တည်ဆောက်ကြစို့ကွယ် (**မ**)...**ဆို**
ပျော်ရွှင်စွာ နွေးထွေးလို့ ............ ညှိနှိုင်းကြကာရယ်
အသီးအပွင့် ပန်းတွေ ............ စိမ်းလန်းတော့မယ်
ကျားဖြူပါတီ ဝင်ရောက်ကာရယ် ............ တိုင်းကျိုးကာကွယ်
မြန်မြန်ဆန်ဆန် အောင်မြင်ဖို့ ............ ဝိုင်းလို့ကူညီကွယ်
တို့တစ်တွေအောင်ရက် ............ တွေးလို့ပျော်နေမယ် . (ဟေး)

**Solo** ................**အဝင်**

V3/ ရောင်နီအာရုံမှာ............ဒို့အားသစ်တို့ဝေ (**ကျား+မ**)
စိုပြည်စွာ ဖူးပွင့်လို့ ............အိုလှပပါတယ်
အသီးပွင့် ပန်းတွေ ............ ရိတ်သိမ်းကြရမယ်
ကျားဖြူပါတီ ဦးဆောင်တာကို................ သွားစို့အတူကွယ်
ရည်မှန်းချက်တွေ အောင်မြင်ဖို့................ ပေါင်းစုညီကာရယ်
တို့တစ်တွေ လက်တွဲ........................... စည်းလုံးစွာနေမယ်
တို့တစ်တွေ မျှော်လင့်.......................... တွေးလို့ရင်ခုန်တယ်
တို့တစ်တွေ အောင်ရက် ............စောင့်လို့မျှော်နေမယ် (ဟေး)
သံပြိုင်သီဆို ကျား + မ ဟေး......Fade..... out 3 ခေါက်

# ဒီမိုကရက်တစ်ပါတီက

# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၉

**ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဒေါ်သန်းသန်းနုက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



လေးစားရပါသော မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ရှင် -

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို လာမယ့် ဒီဇင်ဘာလ(၂၈)ရက်နေ့မှာ ကျင်းပတော့မှာ ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ကို ချစ်မြတ်နိုးကြသူတွေဟာ ပါတီစုံစနစ်မှာ နိုင်ငံရေးပါတီတွေ တည်ထောင်ပြီး ရွေးကောက်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်ကြတာကို အားပေးကြပါတယ်။ ဒါ့အပြင် ဆန္ဒမဲပေးကြတဲ့ နိုင်ငံသားတွေကလည်း မိမိတို့နှစ်သက်လိုလားတဲ့ နိုင်ငံရေးပါတီတွေကို မိမိတို့အသဲကြားက မဲဆန္ဒများကိုပေးတာ အစဉ်အလာတစ်ခုပါပဲ။

မဲတစ်ပြားမပေးလည်း ဘာမှမဖြစ်ဘူးလို့ ဆိုကြပေမယ့် များပြားလာတဲ့အခါမှာ ဒီမိုကရေစီစနစ်ဟာ တင်းပြည့်ကျပ်ပြည့်မဖြစ်နိုင်တော့ပါ။ မဲဆန္ဒပေးနိုင်သူအားလုံးက မဲပေးနိုင်မှသာ တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီဖြစ်နိုင်ပါတယ်။

ဒီမိုကရက်တစ်ဆိုသည်မှာ ဒီမိုကရေစီယုံကြည်သူများလို့ အဓိပ္ပာယ်ရပါတယ်။ "ဒီမိုကရက်တစ်ပါတီ"ဟု ဆိုခြင်းဖြင့် ဒီမိုကရေစီကို ယုံကြည်သူများ စုပေါင်းဖွဲ့စည်းထားတဲ့ ဒီမိုကရေစီစွမ်းအားကြီးလို့ အဓိပ္ပာယ်ရပါတယ်။

ဒီမိုကရက်တစ်ပါတီဟာ မြန်မာနိုင်ငံသူ နိုင်ငံသားများကို ဒီမိုကရေစီအခွင့်အရေးအပြည့်အဝရရှိခံစားနိုင်ရန်နဲ့ ဒီမိုကရေစီထွန်းကားရေးအတွက် ဦးဆောင်ပေးလျက်ရှိပါတယ်။

ဒီမိုကရေစီဟုဆိုရာ၌ နိုင်ငံမှာ အချုပ်အခြာအာဏာသည် ပြည်သူလူထု၏ တည်ဆဲအာဏာဟူသမျှလူထုထံမှ ဆင်းသက်ရတဲ့စနစ်ကိုဆိုလိုပါတယ်။

ဒီမိုကရက်တစ်ပါတီက ယုံကြည်သော ဒီမိုကရေစီစနစ်တွင်လည်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းဆိုတဲ့ လောကပါလတရားများ ထွန်းကား ကျင့်သုံးနိုင်ရေး၊ နိုင်ငံရေးလွတ်လပ်မှု၊ စီးပွားရေးလွတ်လပ်မှု၊ တရားစီရင်ရေးလွတ်လပ်မှု၊ လွတ်လပ်စွာ တွေးခေါ်ကြံဆနိုင်မှု၊ လွတ်လပ်စွာ ဟောပြောစည်းရုံးနိုင်မှု၊ လွတ်လပ်စွာ လူမှုအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်မှုစတဲ့ လွတ်လပ်မှုအခြေခံအခွင့်အရေးများကို ပြည်သူတို့ အပြည့်အဝခံစားနိုင်ကြရန် ဖြစ်ပါတယ်။

အမျိုးသားအချင်းချင်း ပြန်လည်ရင်ကြားစေ့ရေးဆိုတာဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကျပါတယ်။ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို အမှန်တကယ်ကျေးဇူးပြုနိုင်တဲ့အတွက် အဲဒီမူကို "ဒီမိုကရက်တစ်ပါတီ"က အလေးအနက်ခံယူထားပြီး ဒီမိုကရေစီနဲ့ငြိမ်းချမ်းရေးအဖွဲ့ချုပ် နာယကကြီး ဦးနုပြောကြားခဲ့တဲ့ (လက်စားမချေ၊ သင်ပုန်းချေ) ချေ-နှစ်ချေမူကို ကျင့်သုံးခြင်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ယနေ့ကာလဟာ မြန်မာနိုင်ငံသားများအချင်းချင်း သဘောထားကွဲလွဲမှုများပြင်းထန်နေချိန်လည်း ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် တစ်မျိုးသားလုံး မဖြစ်မနေ ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်ကြီးများလည်းရှိပါတယ်။ အဲဒီလုပ်ငန်းများ အောင်မြင်ထမြောက်စေဖို့ အေးချမ်းသာယာတဲ့ အခြေအနေနဲ့ အမျိုးသားချင်းပြန်လည်ရင်ကြားစေ့နိုင်ရေး အခြေအနေဖန်တီးပေးဖို့ အထူးလိုအပ်နေချိန် ဖြစ်ပါတယ်။ အဲဒီလိုအပ်ချက်အရ အတိတ်ရဲ့အနိဋ္ဌာရုံတွေကိုပြန်မလှည့်ဘဲ အနာဂတ်ခေတ်သစ်ဆီသို့ ရှေးရှုခြင်းဖြင့် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးလမ်းကြောင်းကိုသာ ဦးတည်ကြရပါလိမ့်မယ်။

တစ်မျိုးသားလုံး အေးအတူပူအမျှ အတူတကွ လက်တွဲဆောင်ရွက်နိုင်ကြရေးအတွက် "မိမိတို့သည် ... တစ်နိုင်ငံတည်းသားများ" ဖြစ်ကြသည်ဟူသော မိသားစုစိတ်ဓာတ်များထားရှိ၍ "ငါတို့အားလုံးသည် မြန်မာနိုင်ငံသားများ ဖြစ်ကြသည်" ဟူသောခံယူချက်ရှိရန် လိုအပ်နေချိန်လည်း ဖြစ်ပါတယ်။

"ဒီမိုကရက်တစ်ပါတီသည်" ရေရှည်တည်တံ့ခိုင်မြဲခြင်းရှိသည့် ပညာရေးစနစ်ကို ဦးတည်ပြီး စီမံကိန်းများ ချမှတ်ဆောင်ရွက်ပါမယ်။ အနည်းဆုံး အခြေခံအလယ်တန်းပညာကို အခမဲ့မသင်မနေရ ဥပဒေပြဋ္ဌာန်းပြီးဆောင်ရွက်ပါမယ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ ပညာရေးစနစ်ကို ခေတ်နဲ့အမီ ရင်ပေါင်တန်းရပ်တည်နိုင်ရေးအတွက် နိုင်ငံခြားပညာသင်များ ပိုမိုစေလွှတ်ခြင်း၊ နိုင်ငံတကာမှကျွမ်းကျင်သည့် ပညာရှင်များကိုလည်း ဖိတ်ခေါ်လေ့ကျင့်စေခြင်းတို့ကို ပြုလုပ်ပါမယ်။

နိုင်ငံတကာပညာရေးစနစ်နဲ့ ရင်ပေါင်တန်းနိုင်အောင် တက္ကသိုလ်၊ ကောလိပ်နဲ့ စိုက်ပျိုးရေး၊ စက်မှုလက်မှုကျောင်းများကို ပြုပြင်မွမ်းမံခြင်းအားဖြင့် တိုးချဲ့ဆောင်ရွက်သွားပါမယ်။ ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးပြီး နိုင်ငံတကာလူသားအရင်းအမြစ် ဈေးကွက်မှာ မြန်မာလုပ်သားများ ဝင်ရောက်ထိုးဖောက်နိုင်စေရန်အတွက် နည်းပညာနဲ့ အတတ်ပညာများကို သင်ကြားပေးခြင်းအားဖြင့်လည်း အစဉ်သဖြင့် အားပေးသွားပါမယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ကျန်းမာရေးစနစ်ကို ခေတ်နဲ့လျော်ညီစွာ နိုင်ငံတကာအဆင့်ရောက်အောင် တည်ဆောက်ပါမယ်။ လူတိုင်းအခမဲ့ဆေးဝါးကုသခွင့်ကို ရှေးရှုဦးတည်ပြီး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်သွားပါမယ်။ ပြည်သူ့ကျန်းမာရေးကို အနောက်တိုင်းဆေးပညာနည်း၊ တိုင်းရင်းဆေးပညာနည်းတွေနဲ့ ပေါင်းစပ်အကောင်အထည်ဖော်သွားပါမယ်။

အခြေခံပညာမူလတန်းနဲ့ အလယ်တန်းကျောင်း သင်ခန်းစာများမှာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ထည့်သွင်းပို့ချသွားပြီး ရုပ်သံ၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်နဲ့ လူမှုကွန်ရက်အင်တာနက်နည်းပညာများကို အသုံးပြုပြီး လူထုကျန်းမာရေး ပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားပါမယ်။

ပြည်ထောင်စု မြန်မာနိုင်ငံသားများအားလုံးသည် လူမှုအသိုင်းအဝိုင်းမှာ ကာကွယ်စောင့်ရှောက်ခွင့်ကို တစ်ပြေးညီ ရရှိခံစားသင့်တယ်လို့ "ဒီမိုကရက်တစ်ပါတီ"က လက်ခံယုံကြည်ထားပါတယ်။ အထူးသဖြင့် ကလေးသူငယ်များနဲ့ သက်ကြီးရွယ်အိုများဟာ နိုင်ငံတော်ရဲ့ အထူးကာကွယ်စောင့်ရှောက်ခွင့်ကို ရရှိခံစားထိုက်သူများ ဖြစ်ပါတယ်။ မသန်စွမ်းသူများ၊ ဒုက္ခိတများ၊ မမာမကျန်းဖြစ်နေသူများ၊ ရောဂါသည်လူနာများကို အနည်းဆုံးအခမဲ့ ကုသကာကွယ်စောင့်ရှောက်မှုခံစားခွင့်များ ရရှိစေဖို့ စီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခိုကိုးရာမဲ့၊ အိုးအိမ်မဲ့၊ ဒုက္ခသည်များကိုလည်း ယာယီအစားအသောက်နဲ့ နေထိုင်တည်းခိုရာအိမ်ရာများကို ဈေးနည်းသက်သာစွာဖြင့် နေထိုင်နိုင်ရေးအတွက် အမျိုးသားလူမှုစောင့်ရှောက်ရေး စီမံကိန်းများ ရေးဆွဲပြဋ္ဌာန်းခြင်း၊ စစ်မှုထမ်းဟောင်းများနဲ့ ပင်စင်စားသက်ကြီးရွယ်အိုများအတွက် လူမှုအာမခံချက်များ ရရှိစေဖို့နဲ့ သက်သောင့်သက်သာဖြင့် အနားယူနေထိုင်နိုင်စေဖို့ စီမံဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ကိုယ်တိုင်လယ်ယာလုပ်သူများ အပါအဝင် အခြားမြေဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူများအတွက် လယ်ယာမြေလွှဲပြောင်းခွင့်၊ အမွေပေးခွင့်၊ ရောင်းချ ပေါင်နှံခွင့်စတဲ့ အခွင့်အရေးကိုလည်း ရရှိစေရမှာ ဖြစ်ပါတယ်။

တောင်သူလယ်သမားများအနေနဲ့ ဒီမိုကရေစီကျင့်စဉ်အရ မိမိတို့အခွင့်အရေး ကာကွယ်ပိုင်ခွင့်၊ မိမိတို့လူနေမှုဘဝ တိုးတက်မြင့်မားရေး အကျိုးတူလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တောင်သူလယ်သမားအစည်းအရုံးကို လွတ်လပ်စွာ ဖွဲ့စည်းနိုင်ခွင့်ရှိစေဖို့လည်း ဖော်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်တည်ထောင်ဖွဲ့စည်းသည်နှင့် တစ်ပြိုင်တည်း နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်ထူထောင်ဖွဲ့စည်းတည်ရှိရေးသည် မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖြစ်ပေါ်တိုးတက်မှု သမိုင်းအစဉ်အလာအရ တပ်မတော်ကဏ္ဍသည် ထူးခြားစွာပါဝင်ခဲ့ပါတယ်။ အဲဒီထူးခြားတဲ့သမိုင်း အစဉ်အလာကို ဆက်လက်ထိန်းသိမ်းဖို့ အထူးလိုအပ်ပါတယ်။ အမျိုးသားခေါင်းဆောင်ကြီးလည်းဖြစ်၊ တပ်မတော်ရဲ့ ဖခင်လည်းဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း ထူထောင်ခဲ့သည့် တပ်မတော်ရဲ့ သမိုင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်ပါတယ်။ ပြည်သူတို့ရဲ့ သားကောင်းရတနာများဖြင့် ဖွဲ့စည်းထားသော တပ်မတော်သည် နိုင်ငံတော်နဲ့ပြည်သူတို့အတွက် အန္တရာယ်အသွယ်သွယ်တို့ကို ကာကွယ်သော ပြည်သူ့တပ်မတော်၊ မျိုးချစ်တပ်မတော်အဖြစ် အစဉ်အလာကောင်းများ ဆက်လက်ထိန်းသိမ်းထားသော တပ်မတော်ဖြစ်စေရမယ်။ နိုင်ငံတော်ရဲ့လိုအပ်ချက်၊ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေနဲ့အညီ ကျစ်လျစ်ခိုင်မာ၍ ခေတ်မီတိုးတက်သော စစ်စွမ်းရည်၊ တိုက်ခိုက်ရေးစွမ်းရည်မြင့်မားသော အစဉ်ခေတ်မီတိုးတက်သည့် တပ်မတော်ဖြစ်စေရမယ်။

ယခင် မြန်မာနိုင်ငံဝန်ကြီးချုပ်ဟောင်း ဦးနုသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို ချမှတ်ကျင့်သုံးရာ၌ ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့ခြင်း၊ ဘက်မလိုက်နိုင်ငံများ အင်အားစုဖြစ်လာစေရန် ရှေ့တန်းခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်နိုင်ခဲ့ခြင်းတို့ကြောင့် ကမ္ဘာ့နိုင်ငံများအကြားတွင် လူသိများ၍ ချစ်ခင်လေးစားခြင်းခံရတဲ့သူ ဖြစ်ပါတယ်။



နိုင်ငံတိုင်းသည် မိမိနိုင်ငံအကျိုးရှိရေး ရည်မှန်းချက်များနဲ့ နိုင်ငံတကာနဲ့ မိတ်ဝတ်မပျက် ဆက်ဆံပေါင်းသင်းရစမြဲဖြစ်ပါတယ်။ ထိုအခြေခံဖြင့် နိုင်ငံခြားရေးမူဝါဒများ ချမှတ်လိုက်နာဆောင်ရွက်ကြစမြဲဖြစ်ပါတယ်။ မိမိတို့နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ ဂုဏ်သိက္ခာ မထိခိုက်စေဘဲ အောက်ပါအခြေခံမူများနဲ့အညီ နိုင်ငံခြားရေးမူဝါဒကို လိုက်နာကျင့်သုံးပါမယ်။

(က) ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂ၏ အခြေခံမူဝါဒများ နိုင်ငံတကာတွင် လိုက်နာကျင့်သုံးအပ်တဲ့ နိုင်ငံအချင်းချင်း ဆက်ဆံရေး ကျင့်ဝတ်များနဲ့အညီ ကမ္ဘာ့နိုင်ငံအသီးသီးတို့နဲ့ မိတ်ကောင်းဆွေကောင်းပီသစွာ ဆက်ဆံပေါင်းသင်းပါမယ်။

(ခ) နိုင်ငံတစ်နိုင်ငံရဲ့ နယ်မြေတည်တံ့မှုနဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အပြန်အလှန်လေးစားရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ လက်နက်ကိုင်ကျူးကျော်တိုက်ခိုက်မှု မပြုလုပ်ရေး၊ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်မှုမပြုရေး၊ နိုင်ငံအချင်းချင်း တန်းတူရည်တူ ပေါင်းသင်းဆက်ဆံရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အကျိုးတူဖြစ်ထွန်းစွာရရှိစေရေးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဟူသော နိုင်ငံတကာဆက်ဆံရေးမူကြီး (၅)ချက်နဲ့အညီ လိုက်နာကျင့်သုံးရပါမယ်။

(ဂ) နိုင်ငံတကာရေးတွင် မိမိနိုင်ငံတော် အကျိုးကျေးဇူးကို မဆန့်ကျင်စေဘဲ မှန်ကန်သည့်ဘက်မှ နိုးကြားတက်ကြွလွတ်လပ်စွာ ရပ်တည်ရမှာ ဖြစ်ပါတယ်။

(ဃ) နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိစေမှုကို ဦးထိပ်ထားလျက် မိမိတို့၏မူဝါဒ ရည်ရွယ်ချက်များနဲ့တူညီတဲ့ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီမိုကရက်တစ်ပါတီ၏ မျှော်မှန်းချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးအတွက် ကြိုးပမ်းကြရာ၌ မိမိတို့၏ ပါတီသည်

- ပြည်ထောင်စုသားတိုင်း ဒီမိုကရေစီလူ့အခြေခံ လွတ်လပ်မှုအခွင့်အရေးများကို စည်းကမ်းတကျခံစားခွင့် အညီအမျှ ရရှိစေလိုသည်။
- ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာသော အခြေအနေကို ဖန်တီးလိုသည်။
- အမျိုးသားညီညွတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကို လိုလားသည်။

ထိုအခြေခံ(၃)ရပ်ပေါ်မူတည်၍ တည်တံ့ခိုင်မြဲသော နိုင်ငံတော်ကို တွေ့မြင်လိုပါတယ်။ ထိုမှတစ်ဆင့် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မျိုးသားလုံးနဲ့အတူ ညီညာဖြဖြ လက်တွဲဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ယင်းသို့သော မွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် ဒီမိုကရက်တစ်ပါတီကို တည်ထောင်ဖွဲ့စည်းပါတယ်။

ပြည်သူတို့မှ .....

ပြည်သူတို့၏ ..................... ပြည်သူတို့အတွက် .......................

ဒီမိုကရက်တစ်ပါတီ

ကျေးဇူးတင်ပါတယ်ရှင့်။

### တူညီဆန္ဒ

တေးရေး - ထွဋ်ခေါင်တင်

တေးဆို - စန္ဒာ

၁။ ရောင်နီလင်းဖြာနေခြည်သာယာလှတာ နံနက်ခင်းရဲ့ မင်္ဂလာပါ၊ ထွန်းလင်းတောက်ပ တို့ပြည်ရွာ ညီညွတ်ခြင်းနဲ့ လက်တွဲညီခါ မဲရုံကို သွားကြမယ်ကွာ။

၂။ ရွှေလီဝင်းဝင်းဝါ ချိန်ခါသမယမှာ အရဏ်ဦးရဲ့ တေးသံဖြာ၊ နိုးကြားထက်မြက် တို့ပြည်မြန်မာ၊ တူယှဉ်နွဲ့လို့ပေါင်းစုညီခါ မဲရုံကို သွားကြမယ်ကွာ။

၃။ မဲပေးကြမှာ၊ မဲပေးကြမှာ၊ ပြည်သူ့အကျိုးပြု ပြည်သူ့ပါတီ၊ ဒီမိုကရက်တစ်ပါတီအား မဲပေးကြမယ်ကွာ။

၄။ အသဲကြားက မဲတစ်ပြားဟာ၊ တန်ဖိုးကြီးစွာ မဲပေးကြတော့မှာ၊ ပြည်သူအတွက် အားထားရာ ဒီမိုကရက်တစ်ပါတီပါ။ တူညီဆန္ဒမဲပေးကြမှာ ဝမ်းမြောက်ကြည်သာ ပြည်သူ့အတွက် နှိုးဆော်လိုက်ပြီကွာ။

# လက်ဘနွန်နှင့် အစ္စရေးကြား ပုံမှန်ဆက်ဆံရေးပြန်လည်ထူထောင်ရန်မဖြစ်နိုင်ကြောင်း လက်ဘနွန်ပါလီမန်အကြီးအကဲပြောကြား

**ဘေရွတ် နိုဝင်ဘာ ၉**

လက်ဘနွန်နှင့် အစ္စရေးကြား ပုံမှန်ဆက်ဆံရေးပြန်လည်ထူထောင်ရန် မဖြစ်နိုင်ကြောင်း လက်ဘနွန်ပါလီမန် အကြီးအကဲ နာဗတ်ဗယ်ရီက နိုဝင်ဘာ ၈ ရက်တွင် ပြောသည်။

လက်ဘနွန်၊ အစ္စရေး၊ အမေရိကန်၊ ပြင်သစ်နှင့် ကုလသမဂ္ဂတို့ကြား အထက်ပါကိစ္စကို ကြားဝင်စေ့စပ်ညှိနှိုင်းသည့် အဖွဲ့အစည်းများမှတစ်ဆင့်သာ ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းက လက်ဘနွန်အယ်လ်အာဆတ် သတင်းစာအား ပြောသည်။

လက်ဘနွန်နှင့် အစ္စရေးကြား စေ့စပ်ဆွေးနွေးရာတွင် အရပ်သားကျွမ်းကျင်သူများ ပါဝင်ဆောင်ရွက်မည့်ကိစ္စကို တားမြစ်မည်မဟုတ်ဘဲ ၂၀၀၀ ပြည့်နှစ်က ဆောင်ရွက်ခဲ့သည့်ပုံစံအတိုင်း အရပ်သားကျွမ်းကျင်သူများဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

အစ္စရေး၏ တိုက်ခိုက်မှုကြောင့် လက်ဘနွန်နိုင်ငံ၏ ရပ်တည်ချက်ပြောင်းလဲမည်မဟုတ်ကြောင်း ၎င်းက ပြောသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှ စတင်၍ အစ္စရေးနှင့် ဟဇ်ဘိုလာအဖွဲ့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိခဲ့သော်လည်း လက်ဘနွန်နိုင်ငံအတွင်း အစ္စရေးက မကြာခဏတိုက်ခိုက်မှုများဆောင်ရွက်ခဲ့ပြီး လက်ဘနွန်နယ်စပ်တွင် အစ္စရေးတပ်ဖွဲ့များအား တပ်စွဲခဲ့သည်။ လက်ဘနွန်အရှေ့ပိုင်းနှင့် တောင်ပိုင်းတွင် နိုဝင်ဘာ ၈ ရက်က အစ္စရေးကလေကြောင်းမှ တိုက်ခိုက်ခဲ့ရာ သုံးဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန်အမျိုးသားသတင်းအေဂျင်စီက ပြောသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ





## မလေးရှားနိုင်ငံရှိ အစိုးရစာသင်ကျောင်းများတွင် ၂၀၂၇ မှစ၍ တွဲဖက်သင်ကြားမှုပုံစံ မိတ်ဆက်မည်

**ကွာလာလမ်ပူ နိုဝင်ဘာ ၉**

မလေးရှား ပညာရေးဝန်ကြီးဌာန၏ ၂၀၂၇ ခုနှစ်မှစ၍ အစိုးရကျောင်းများတွင် ဆရာ၊ ဆရာမနှစ်ဦးက စာသင်ခန်းတစ်ခန်းတည်း၌ အတူတကွ သင်ကြားပို့ချမည့် တွဲဖက်သင်ကြားမှု ပုံစံမိတ်ဆက်မည့် စီမံကိန်းနှင့်ပတ်သက်၍ အငြင်းပွားဖွယ်ရာများကို ဖြစ်ပေါ်စေလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နိုဝင်ဘာလ ၆ ရက်တွင် ဝန်ကြီးဌာန၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာ၌ ကြေညာချက်အရ သင်ခန်းစာများကို ပိုမိုစိတ်ဝင်စားစရာကောင်းပြီး ထိရောက်စေရန် ရည်ရွယ်ကာ ကျောင်းသားတိုင်း လုံလောက်သော အာရုံစိုက်မှုရရှိစေရန် သေချာစေခြင်းအားဖြင့် အဆိုပါချဉ်းကပ်မှုကို မူလတန်းကျောင်းရှိ ပထမတန်းမှ တတိယတန်းအထိ ကျောင်းသားများဖြင့် စတင်မည်ဟု ဆိုသည်။

ဆရာ၊ ဆရာမနှစ်ဦးထားရှိသည့်စနစ်သည် ကျောင်းသားများ၏ တစ်ဦးချင်းလေ့လာသင်ယူမှုလိုအပ်ချက်များကို ပံ့ပိုးရန်နှင့် စာသင်ခန်း စီမံခန့်ခွဲမှုကို တိုးတက်စေရန်ရည်ရွယ်သည်ဟု ဝန်ကြီးဌာနထုတ်ပြန်ကြေညာသည်။

ယင်းကြေညာချက်သည် ကျောင်းများတွင် အနိုင်ကျင့်မှုဖြစ်ရပ်များ ဆက်တိုက်ဖြစ်ပွားပြီးရက်သတ္တပတ်အနည်းငယ်အကြာတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

ယင်းဖြစ်ရပ်များက အစိုးရကို စာသင်ခန်းပါဝင်မှုကို အားကောင်းစေရန်နှင့် ကျောင်းသားများ၏ စရိုက်လက္ခဏာနှင့် တန်ဖိုးများကို ပြုစုပျိုးထောင်ရန် နည်းလမ်းများကို ရှာဖွေစေခဲ့ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## ပြည်တွင်း လေယာဉ်ခရီးစဉ် ၁၄၀၀ ကျော်ကို အမေရိကန်ပြည်ထောင်စုတွင် ဖျက်သိမ်းခဲ့ရ

**ဝါရှင်တန် နိုဝင်ဘာ ၉**

အမေရိကန်ပြည်ထောင်စုမှ ထွက်ခွာမည့် အမေရိကန်သို့ လာရောက်မည့် သို့မဟုတ် ပြည်တွင်းခရီးစဉ်များဖြစ်သည့် လေယာဉ်ခရီးစဉ် ၁၄၀၀ ကျော်ကို နိုဝင်ဘာ ၈ ရက်တွင် ဖျက်သိမ်းခဲ့ရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ လေယာဉ်ခရီးစဉ်များကို ဗဟိုအစိုးရ ရပ်ဆိုင်းထားမှုကာလအတွင်း ယာဉ်ကြောပိတ်ဆို့မှုများကို လျှော့ချရန် လေကြောင်းလိုင်းများကို ယခုသီတင်းပတ်အတွင်း အကြောင်းကြားခဲ့ပြီးနောက် ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

လေကြောင်းခရီးစဉ် စောင့်ကြည့်ရေးအဖွဲ့ဖြစ်သည့် ဖလိုက်အဝဲ၏ အဆိုအရ နိုဝင်ဘာ ၇ ရက်တွင် လေယာဉ်ခရီးစဉ် ၇၀၀၀ ကျော် နှောင့်နှေးခဲ့ရာမှ နိုဝင်ဘာ ၈ ရက်တွင် နှောင့်နှေးခဲ့သည့် ခရီးစဉ် အရေအတွက်မှာ ၆၀၀၀ ခန့်အထိ လျော့ကျသွားသည်။

အမေရိကန်ပြည်ထောင်စု၏ အသွားအလာအများဆုံး လေဆိပ် ၄၀ တွင် လေကြောင်းခရီးသွားလာရေး စွမ်းဆောင်ရည်ကို ၁၀ ရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုလေကြောင်းစီမံခန့်ခွဲရေးအဖွဲ့က ယခုသီတင်းပတ်အစောပိုင်းတွင် ကြေညာခဲ့သည်။

အဘယ်ကြောင့်ဆိုသော် အစိုးရ ရပ်ဆိုင်းထားမှုကာလအတွင်း လစာမယူဘဲ အလုပ်လုပ်နေရသည့် လေကြောင်းထိန်းချုပ်ရေးဝန်ထမ်းများက ပင်ပန်းနွမ်းနယ်နေကြောင်း တင်ပြလာသောကြောင့် ဖြစ်သည်။

အောက်တိုဘာလ ၁ ရက်က စတင်ခဲ့သည့် အစိုးရ ရပ်ဆိုင်းထားမှု ဆက်လက်ဖြစ်ပေါ်နေသည့်အပြင် ကွန်ဂရက်လွှတ်တော်၏ အကျပ်အတည်းကို မည်သို့အဆုံးသတ်ရမည်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ ရီပတ်ဘလစ်ကန်များနှင့် ဒီမိုကရက်များအကြား သဘောထားကွဲလွဲမှုများ ဆက်လက်တည်ရှိနေကြောင်း သိရသည်။ Mon

## ပန်ဝေါင်မုန်တိုင်း အင်အားပြင်းတိုင်ဖုန်းအဖြစ် အားကောင်းလာ၊ ဖိလစ်ပိုင်တာဝန်ရှိသူများက ဒေသခံများကို ရွှေ့ပြောင်းပေး

**မနီလာ နိုဝင်ဘာ ၉**

ဖန်ဝေါင်မုန်တိုင်းသည် မိုးသည်းထန်စွာရွာသွန်းမှု၊ ဖျက်ဆီးနိုင်သော လေပြင်းများနှင့် မုန်တိုင်းလှိုင်းများကို ယူဆောင်လာမည့် အင်အားပြင်းတိုင်ဖုန်းအဖြစ် အားကောင်းလာသဖြင့် နိုဝင်ဘာလ ၉ ရက်တွင် ဖိလစ်ပိုင်နိုင်ငံမှ တာဝန်ရှိသူများက အရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသများတစ်လျှောက် နေထိုင်သူ ၁၀၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ဒေသအများအပြားတွင် မုန်တိုင်းသတိပေးချက် အချက်ပြမီးများ လွှင့်ထူထားပြီး ကတ်တန်ဒူအေးနက်စ်နှင့် ကမာရီနက်စ်နော်တေး၊ ကမာရီနက်စ် ဆာကမ်းရီးတန်းဒေသများအပါအဝင် အရှေ့တောင်လူဇွန်ကျွန်းပေါ်တွင် အမြင့်ဆုံးသတိပေးချက်ဖြစ်သည့် အမှတ် ၅ အချက်ပြမီးကို လွှင့်ထူထားသည်။

ဒေသတွင်းတွင် အူဝမ်ဟုလူသိများသော စူပါတိုင်ဖုန်း ဖန်ဝေါင်သည် တစ်နာရီလျှင် ၁၈၅ ကီလိုမီတာရှိသော လေတိုက်နှုန်းများနှင့် တစ်နာရီလျှင် ကီလိုမီတာ ၂၃၀ အထိ တိုက်ခတ်နိုင်သော လေပြင်းများ ပါဝင်သည်။

ယင်းမုန်တိုင်းသည် စောနိုင်သမျှစောစွာ နိုဝင်ဘာ ၉ ရက် ညပိုင်းတွင် အလယ်ပိုင်း လူဇွန်ရှိ အော်ရိုရာပြည်နယ်၌ ကုန်းတွင်းသို့ ဝင်ရောက်မည်ဟု ခန့်မှန်းထားသည်။

အရှေ့ပိုင်း ဗီဆာယက်စ်ဒေသ၏ အချို့နေရာများတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ကြုံတွေ့နေရသည်ဟု ဆိုသည်။

ဖိလစ်ပိုင် လေကြောင်းလိုင်းသည် မုန်တိုင်းမရောက်မီ ပြည်တွင်းလေကြောင်းခရီးစဉ် အများအပြားကို ဖျက်သိမ်းထားခဲ့ပြီး တနင်္လာနေ့တွင် ကျောင်းအချို့တွင်လည်း စာသင်ခန်းများကို ပိတ်ထားခြင်း သို့မဟုတ် အွန်လိုင်းမှ စာသင်ကြားခြင်းများ ပြုလုပ်ရန်စီစဉ်ထားကြောင်း သိရသည်။

Mon

# ဂျပန်နိုင်ငံ၌ မဂ္ဂနီကျူ ၆ ဒသမ ၉ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်၊ ဆူနာမီသတိပေးချက် ထုတ်ပြန်ထား

**တိုကျို နိုဝင်ဘာ ၉**

ဂျပန်နိုင်ငံမြောက်ပိုင်းရှိ အီဝတဲနှင့် မီယာဂီစီရင်စုတို့၌ မဂ္ဂနီကျူ ၆ ဒသမ ၉ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်သည် နိုဝင်ဘာ ၉ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီခန့်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ဂျပန်မိုးလေဝသအေဂျင်စီက အီဝတဲစီရင်စုအတွင်း ဆူနာမီအကြံပေးချက် ထုတ်ပြန်ကြေညာခဲ့သည်။



ဆူနာမီရေလှိုင်း၏ အမြင့်မှာ တစ်မီတာရှိမည်ဟု ခန့်မှန်းရသည်။ ကူဂျီနှင့် အိုဖူနာတိုဆိပ်ကမ်းများတွင် ၂၀ စင်တီမီတာအမြင့်ရှိ ဆူနာမီလှိုင်းတစ်ခုအား တွေ့ရှိခဲ့သည်။ ဆူနာမီလှိုင်းများသည် တစ်ကြိမ်ထက်မနည်း အကြိမ်ပေါင်းများစွာ ဖြစ်ပေါ်လာနိုင်သည့်အတွက် အဆိုပါဒေသနှင့် အနီးတစ်ဝိုက်ရှိ ပြည်သူများအနေဖြင့် ပင်လယ်ကမ်းခြေများနှင့် ဝေးကွာသောနေရာများ၌ နေထိုင်ကြရန် ဂျပန်မိုးလေဝသအေဂျင်စီမှ တာဝန်ရှိသူများက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်



## တရုတ်နိုင်ငံ၊ ဂုအီကျိုးပြည်နယ်ရှိ လေရှန်ခရိုင်၌ မြောင်လူမျိုးများ ရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပ

**ပေကျင်း နိုဝင်ဘာ ၉**

တရုတ်နိုင်ငံ၊ ဂုအီကျိုးပြည်နယ်ရှိ လေရှန်ခရိုင်၌ ယမန်နေ့က မြောင်ရိုးရာ နှစ်သစ်ကူးပွဲတော် ကျင်းပခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ပွဲတော်သည် သီးနှံရိတ်သိမ်းမှုကို ဂုဏ်ပြုသည့်အပြင် ဘိုးဘွားမိဘများကို ဦးညွှတ်ပြီး သဘာဝတရားကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြသည့်ပွဲတော်ဖြစ်သည်။

လေရှန်ဒေသရှိ မြောင်လူမျိုးများအတွက် တစ်နှစ်တာ၏ အဆုံးသည် တရုတ်ပြက္ခဒိန်၏ ၁၀ လပိုင်းတွင် ရောက်ရှိလေ့ရှိသည်။

အိမ်ထဲသို့ သီးနှံများယူဆောင်လာခြင်းသည် တစ်နှစ်တာ၏ လည်ပတ်မှု ပြီးဆုံးသွားပြီဖြစ်ကြောင်းကို သင်္ကေတပြုသည်။

ယခုနှစ် ကျင်းပသည့်ပွဲတော်များသည် တစ်လကျော်ကြာမြင့်မည်ဖြစ်ပြီး ဖွင့်ပွဲနေ့တွင် လူပေါင်း ၁၀၀၀၀ ကျော် တက်ရောက်သည့် ဖွင့်ပွဲအခမ်းအနားနှင့် စီတန်းလှည့်လည်ပွဲကို ကျင်းပခဲ့ရာ နိုင်ငံတစ်ဝန်းမှ ဧည့်သည်များကို ဆွဲဆောင်နိုင်ခဲ့ကြောင်း သိရသည်။

Mon



# နိုင်ငံတကာ အားကစား သတင်းများ

## ပြိုင်ပွဲစုံ ၁၄ ပွဲဆက် ရှုံးပွဲမရှိသည့် စံချိန်မှတ်တမ်းကောင်း အာဆင်နယ်အသင်း ပိုင်ဆိုင်

**လန်ဒန် နိုဝင်ဘာ ၉**

ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်အသင်းသည် ပြိုင်ပွဲစုံ ၁၄ပွဲဆက် ရှုံးပွဲမရှိသည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ဆန်းဒါးလန်းအသင်းနှင့် နှစ်ဂိုးစီ သရေကျခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ကောင်းများ ဆက်တိုက်ရယူထားနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ပွဲစဉ် (၁၁) ပွဲကစားအပြီးတွင် ရမှတ် ၂၆မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့သည်။ **(ယာပုံ)**



အာဆင်နယ်အသင်း နည်းပြ အာတီတာက 'အသင်းအနေနဲ့ အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုမှတ်တမ်းတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားမှာပါ'ဟု ပြောသည်။ **(NGB)**

## အဲလက်စ်စကော့သ် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပထမဆုံးအကြိမ် ရွေးချယ်ခံရ

**လန်ဒန် နိုဝင်ဘာ ၉**



ဘုန်းမောက်အသင်း ကွင်းလယ်ကစားသမား အဲလက်စ်စကော့သ် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဘုန်းမောက်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၁ ပွဲ ကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံခဲ့ရခြင်း ဖြစ်သည်။

အသက်(၂၂)နှစ် အရွယ်ရှိ အဲလက်စ်စကော့သ်က 'ကျွန်တော် အခုလို လက်ရွေးစင်အသင်းမှာ ရွေးချယ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ လက်ရွေးစင်အသင်းအတွက် အစွမ်းကုန်ကြိုးစားသွားမှာပါ'ဟု ပြောသည်။

အင်္ဂလန်လက်ရွေးစင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၁၄ ရက်တွင် ဆားဘီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**



## 2025 Moselle Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Learner Tien ဆွတ်ခူး

**မက်ဇ် နိုဝင်ဘာ ၉**

ပြင်သစ်နိုင်ငံ၊ မက်ဇ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Moselle Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်တင်းနစ်ကစားသမား Learner Tien က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်ကစားသမား Learner Tien သည် 2025 Moselle Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဂရိတ်ဗြိတိန်တင်းနစ်ကစားသမား Cameron Norrie အား ၆-၃၊ ၃-၆၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၁၉)နှစ် အရွယ်ရှိ Learner Tien က 'ကျွန်တော် အခုလို 2025 Moselle Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင် နိုင်ငံ့အတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက် ကြိုးစားသွားမှာပါ'ဟု ပြောသည်။ **(အပေါ်ပုံ) (NGB)**

## မော်ဂန်ရော်ဂျာစ် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်

**လန်ဒန် နိုဝင်ဘာ ၉**

အက်စတွန်ဗီလာအသင်းသည် အသင်းကွင်းလယ်ကစားသမား မော်ဂန်ရော်ဂျာစ်အား ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုး စာချုပ် ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ပြီ ဖြစ်သည်။

အသက်(၂၃)နှစ် အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အက်စတွန်ဗီလာအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား မော်ဂန်ရော်ဂျာစ်သည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၅ပွဲကစားပြီး ၁၈ ဂိုး သွင်းယူထားသည်။

အက်စတွန်ဗီလာအသင်း ထုတ်ပြန်ချက်တွင် 'မော်ဂန်ရော်ဂျာစ်အား ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ပါပြီ။ မကြာမီ ရက်ပိုင်းအတွင်း စာချုပ်ကိစ္စ အပြီးသတ်သွားမှာပါ'ဟု ထုတ်ပြန်သည်။ **(အောက်ပုံ) (NGB)**



## အိုဆင်ဟန်အား ခေါ်ယူရန် ဂီအက်စ်ဂျီအသင်း စီစဉ်

**ပါရီ နိုဝင်ဘာ ၉**



ပီအက်စ်ဂျီအသင်းသည် ဂါလာတာစာရေးအသင်းတိုက်စစ်မှူး အိုဆင်ဟန်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ် အရွယ်ရှိ တိုက်စစ်မှူးသည် ဂါလာတာစာရေးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၂ ပွဲ ကစားပြီး ၄၆ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ဂါလာတာစာရေးအသင်းကလည်း အိုဆင်ဟန်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဂါလာတာစာရေးအသင်းထံမှ အိုဆင်ဟန်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## ရိုမီယူအား ဆောက်သမ်တန်အသင်း ခေါ်ယူ



**လန်ဒန် နိုဝင်ဘာ ၉**

လိဂ်ချန်ပီယံရှစ်ကလပ် ဆောက်သမ်တန်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ကွင်းလယ်ကစားသမားဟောင်း ရိုမီယူအား ၂၀၂၆ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ပြန်လည်ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဆောက်သမ်တန်အသင်းတွင် ၂၀၁၅ မှ ၂၀၂၃ ခုနှစ်အထိ ကစားခဲ့ဖူးပြီး စပိန်လာလီဂါကလပ်အသင်းများသို့ ပြောင်းရွှေ့ ကစားခဲ့သည်။ **(ဝဲပုံ)**

ကွင်းလယ်ကစားသမား ရိုမီယူသည် လက်ရှိအချိန် စပိန်လာလီဂါကလပ်အသင်းများနှင့် လမ်းခွဲခဲ့ပြီး အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် ဆောက်သမ်တန်အသင်းက ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၄)နှစ် အရွယ်ရှိ ရိုမီယူအနေဖြင့် ဆောက်သမ်တန်အသင်းနှင့်အတူ တစ်ကျော့ပြန် ရလဒ်ကောင်းများ ပြန်လည်ရယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။**(NGB)**

## နည်းပြ ရော့ဘ်အန်ဝ့ါသ် မစ်ဒယ်ဘရော့ အသင်းနည်းပြရာထူးမှ နုတ်ထွက်

**လန်ဒန် နိုဝင်ဘာ ၉**

နည်းပြ ရော့ဘ်အန်ဝ့ါသ်သည် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်ခဲ့ခြင်းကြောင့် မစ်ဒယ်ဘရော့ အသင်းနည်းပြရာထူး မှ နုတ်ထွက်ခဲ့သည်။

အဆိုပါ နည်းပြသည် မစ်ဒယ်ဘရော့အသင်းအား ယခုနှစ်ဘောလုံးရာသီ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် အမှတ်ပေးဇယား အဆင့်(၂)နေရာရရှိအောင် စွမ်းဆောင်ပေးခဲ့သော်လည်း အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်ခဲ့ခြင်းကြောင့် ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ရော့ဘ်အန်ဝ့ါသ်သည် မစ်ဒယ်ဘရော့အသင်းအား ၂၀၂၅ ခုနှစ် ဇွန် ၂၄ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၅ပွဲတွင် ၇ပွဲနိုင်၊ ၅ပွဲသရေ၊ ၃ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

မစ်ဒယ်ဘရော့အသင်းထုတ်ပြန်ချက်တွင် 'နည်းပြ ရော့ဘ်အန်ဝ့ါသ်ကတော့ အသင်းနည်းပြရာထူးမှ နုတ်ထွက်သွားခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ'ဟု ထုတ်ပြန်သည်။ **(အောက်ပုံ) (NGB)**



## စီရော်နယ်လ်ဒို ကစားသမားဘဝတွင် သွင်းဂိုးပေါင်း ၉၅၃ ဂိုးအထိ ရှိလာ

**လန်ဒန် နိုဝင်ဘာ ၉**

အယ်လ်နာဆာအသင်းတိုက်စစ်မှူး စီရော်နယ်လ်ဒို ကစားသမားဘဝတွင် သွင်းဂိုးပေါင်း ၉၅၃ ဂိုးထိ ရှိလာခဲ့ပြီဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ဆော်ဒီပရိုလိဂ်ပွဲစဉ်အဖြစ် အယ်လ်နာဆာအသင်းက Neom SC အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အဖိုးတန်သွင်းဂိုးတစ်ဂိုးသွင်းယူခဲ့ပြီးနောက် ယခုလို သွင်းဂိုး ၉၅၃ဂိုးထိ ရှိလာခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ကစားသမားဘဝတစ်လျှောက်တွင် စပို့တင်း၊ မန်ယူ၊ ရီးရဲလ်မက်ဒရစ်၊ ဂျူဗင်တပ်၊ ယခုအယ်လ်နာဆာ၊ ပေါ်တူဂီလက်ရွေးစင်အသင်းများတွင်ကစားပြီး ဂိုးပေါင်း ၉၅၃ဂိုးထိ သွင်းယူနိုင်ခဲ့ကာ ၎င်း၏ သွင်းဂိုး ၁၀၀၀ အိပ်မက်ပြည့်မြောက်ရန် သွင်းဂိုး ၄၇ဂိုးသာ လိုအပ်နေသည်။

အယ်လ်နာဆာအသင်းသည် ယခုနှစ်ဘောလုံးရာသီ ဆော်ဒီပရိုလိဂ်ပွဲစဉ် ၈ပွဲကစားအပြီးတွင် ရာနှုန်းပြည့်နိုင်ပွဲရယူထားပြီး ချန်ပီယံဆုရရှိရန်လည်း ရေပန်းစားလျက်ရှိသည်။

**(အောက်ပုံ)**

**(NGB)**



### ဘောလုံးသတင်း အတိုအထွာများ

* ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာဖွယ်ရှိသည့် အန်းဒရစ်အား မန်ယူအသင်းနှင့် လိုင်ပဇစ်အသင်းတို့က ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

* စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် လီဗန်တေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အက်သလက်တီကို မက်ဒရစ်အသင်းက လီဗန်တေးအသင်းအား သုံးဂိုး၊တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**(NGB)**

# တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ဆုပေးပွဲနှင့် ပိတ်ပွဲ ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်ရှိ အဝေရာမီးပုံးပျံကွင်း၌ နိုဝင်ဘာ ၈ ရက် ညနေ ၅ နာရီက တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ဆုပေးပွဲနှင့် ပိတ်ပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ရှမ်းအက၊ သိုင်းအက၊ တိုးနရားအက၊ ကိန္နရီ၊ ကိန္နရာ၊ ဇာမဏီအက၊ တိုင်းရင်းသား အကတို့ဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက အကဲဖြတ်ဒိုင်အဖွဲ့များ၊ အဖွင့်သီချင်း သီဆိုဖျော်ဖြေပေးသော တေးသံရှင်များ၊ နေ့စဉ်တင်ဆက်ပေးသူ ဦးတင့်ဆွေ၊ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးသော ဦးကျော်ကျော်ဝင်း၊ နေ့စဉ် Live ထုတ်လွှင့်ပေးသော သတင်းမီဒီယာ ခုနစ်ခု၊ အကနည်းပြ ငါးဦး၊ တိုင်းရင်းသားအကအဖွဲ့ ကိုးဖွဲ့၊ ပညာရေးဒီဂရီကောလိပ်အကအဖွဲ့၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း နှစ်ကျောင်း၊ အခြေခံပညာကျောင်း ငါးကျောင်းနှင့် အခမ်းအနားမှူး ခြောက်ဦးတို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ်၊ တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်ပြီး မီးပုံးပျံပြိုင်ပွဲများတွင် နေ့လွှတ်အရုပ်၊ စိန်နားပန်မီးပုံးနှင့် ညမီးကြီး မီးပုံးပျံတို့တွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆု၊ ပဉ္စမဆု၊ နှစ်သိမ့်ဆု ရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို အသီးသီး ချီးမြှင့်ပေးခဲ့ကြသည်။

ထို့နောက် တန်ဆောင်တိုင်ပွဲတော် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်က တန်ဆောင်တိုင်ပွဲတော် ပိတ်သိမ်းကြောင်း ကြေညာပြီး လှမ်းခဲ့ပါ ချယ်ရီမြေနှင့် မင်္ဂလာပါ မိုင်ဆုန်ခ သီချင်းတို့ဖြင့် ဖျော်ဖြေပြီး တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့နှင့် ပညာရေးဒီဂရီကောလိပ်အကအဖွဲ့တို့မှ တူညီအကဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၃၆၈)





# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မင်းဘူး(စကု)မြို့နယ် ခန်ကုန်းကျေးရွာအုပ်စုများမှ တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**မင်းဘူး နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် ဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက် ၉ နာရီခွဲက မင်းဘူး(စကု) မြို့နယ် ခန်ကုန်းကျေးရွာအုပ်စု၊ ဘုမ္မနိုးကျေးရွာ၊ ဘုန်းတော်ကြီးကျောင်း ရတနာဗေယျုံမ္မာရုံတွင် ကျေးရွာအုပ်စုအတွင်းမှ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့မှ ထနောင်းတော-အိုင်းမလမ်း ၃ မိုင်၊ ၂ ဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းပြုလုပ်ဆောင်ရွက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးရာ ယာယီရှင်းလင်းဆောင်တွင် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးထွန်းလင်းမော်က လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းနှင့် အရည်အသွေး ပြည့်မီရေး၊ အချိန်မီပြီးစီးရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ဘုမ္မနိုးကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသူများ၏ မြန်မာ အီလက်ထရောနစ်မဲပေးစက် (MEVM) လက်တွေ့စမ်းသပ်သရုပ်ပြမဲပေးနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

(အပေါ်ပုံ)

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခန်ကုန်းအုပ်စု၊ ထနောင်းတောအုပ်စု၊ ဖလံတော ကျေးရွာအုပ်စုများမှ တောင်သူများနှင့်တွေ့ဆုံကာ ဒေသ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို မေးမြန်းဆွေးနွေး၍ တောင်သူများ၏ ဒေသ အခက်အခဲတင်ပြမှုများကို ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၅၀၄)

# ပြည်ပပို့ကုန်သီးနှံများတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

**ညောင်ဦး နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် ပြည်ပပို့ကုန်သီးနှံများတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီက စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးယိုင်းခန့်ညား၊ ညောင်ဦးခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်တာဝန်ခံ ဦးတင်မျိုးခိုင်တို့က အမှာစကားပြောကြားသည်။

ညောင်ဦးမြို့နယ်တွင် အဓိက သီးနှံများဖြစ်သော မိုးစပါး ၁၆၆၄ ဧက၊ မိုးပဲမျိုးစုံ ၃၂၉၈၁ ဧက၊ မိုးဆီထွက်သီးနှံ ၁၆၇၇၆၃ ဧကကို အကောင်အထည်ဖော် စိုက်ပျိုးခဲ့ပြီး ဆောင်းဆီထွက်သီးနှံအနေဖြင့် ဆောင်းမြေပဲ လျာထားဧက ၁၈၈၆ ဧက၊ ဆောင်းနှမ်း ၂၅၂၃ ဧက၊ ဆောင်းနေကြာ ၉၅ ဒသမ ၀၀ ဧက စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ နေကြာမျိုးစေ့ထုတ်စံပြကွက်မှ တောင်သူများ မျိုးကောင်းမျိုးသန့်သုံးစွဲရေးအတွက် ဆင်းရွှေကြာ-၂ မျိုးများအား တာဝန်ရှိသူများက ပေးအပ်ပြီး စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးရီက ယူရီးယားမြေဩဇာနှင့် သဘာဝမြေဩဇာများကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကာ စံပြကွက်တောင်သူများအား ပံ့ပိုးပစ္စည်းပေးအပ်ခဲ့ကြသည်။

အဆိုပါ နည်းပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုးသီးနှံထုတ်ကုန်များ ပန်းတိုင်အထွက်နှုန်းရရှိရေးအပြင် ထွက်ရှိလာသော သီးနှံများအား ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ ပန်းတိုင်အထွက်နှုန်းရရှိစေရန် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ခရိုင်မြေအသုံးချရေးတာဝန်ခံ၊ မျိုးစေ့တာဝန်ခံတို့က ဆွေးနွေးပေးခဲ့ကြောင်း၊ သီးနှံကာကွယ်ရေးတာဝန်ခံ ဒုတိယဦးစီးမှူး ဦးမျိုးထက်ထန်က ပဲတီစိမ်းသီးနှံ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နည်းပညာပေး ဆွေးနွေးခဲ့ကြောင်း၊ ဟောပြောပွဲသို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လုပ်ငန်းရှင်များ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၄၈၁)

၀-၀-၀-၀-၀

၀-၀-၀-၀



# မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် နိုဝင်ဘာ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နန်းသြကျေးရွာအုပ်စု၊ ဥယျာဉ်ကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၆ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဥယျာဉ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၁၄ ဒသမ ၉သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၂၀ ဒသမ ၁သန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၁၀ ဒသမ ၀၅ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၆၅သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၇ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

နော်လူး

## ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ရှစ်လအတွင်း ပြည်တွင်း၊ ပြည်ပဧည့်သည် ၂၇၅၄၆ဦး ဝင်ရောက်လေ့လာ

**ညောင်ဦး နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ရှစ်လအတွင်း ပြည်တွင်း၊ ပြည်ပလေ့လာရေး ခရီးသွားဧည့်သည်၂၇၅၄၆ဦး ဝင်ရောက်လေ့လာခဲ့ပြီး ပြတိုက်ဝင်ကြေးငွေကျပ် ၂၉၃၁၉၀၀၀ ကောက်ခံရရှိခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ သိရသည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ၂၀၂၅ ခုနှစ် မတ်လမှ အောက်တိုဘာလအထိ ပြည်တွင်းခရီးသွားဧည့်သည် ၂၇၃၄၉ ဦး၊ ပြည်ပခရီးသွားဧည့်သည် ၁၉၇ ဦး၊ စုစုပေါင်း၂၇၅၄၆ ဦး ဝင်ရောက်လေ့လာကြောင်း သိရသည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်သည် ကျောက်စာရှစ်မြှောင့်သဏ္ဌာန်ပြတိုက်နှင့် ကျောက်ဆစ်လက်ရာများနှင့် အခြားကြီးမားသော ပစ္စည်းများ ပြသရန် ကျောက်စာရုံသုံးခုပါဝင်ကြောင်း၊ ၁၉၉၅ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် ရှစ်မြှောင့်သဏ္ဌာန်ပြတိုက်ငယ်တစ်ခုသာ ချန်လှပ်ပြီး ကျန်မြေနေရာတွင် အဆင့်မီ ခံ့ညားထည်ဝါသော ပြတိုက်ကြီးတစ်ခု စတင်တည်ဆောက်ခဲ့ရာ ၁၉၉၈ ခုနှစ်၊ ဧပြီ ၁၇ ရက်တွင် ဖွင့်လှစ်ပြသနိုင်ခဲ့ကြောင်း ပြတိုက်တာဝန်ခံ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်ချမ်းမြေ့က ပြောသည်။

အသစ်တည်ဆောက်ခဲ့သော ပုဂံရှေးဟောင်းသုတေသနပြတိုက်မှာ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ခံ့ညားထည်ဝါသည်သာမက အတွင်းရော အပြင်ပါ မြန်မာမှုလက်ရာ၊ အင်္ဂတေပန်းများ၊ သစ်သားပန်းပု၊ ကနုတ်ပန်းလက်ရာများ၊ ယွန်းရွှေဇဝါလက်ရာများ၊ ရွှေချည်ထိုးလက်ရာများနှင့် တင့်တယ်လှပစွာ တန်ဆာဆင်ထားသောကြောင့် အဝေးမှကြည့်ကြည့်၊ အနီးကကြည့်ကြည့် ရှုမငြီးနိုင်စရာ အသွင်ရှိနေကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ကလေးပြတိုက်ကိုလည်း ပြတိုက်ကြီး၏ မြောက်ဘက်ရှိ ရှစ်မြှောင့်ပုံသဏ္ဌာန် အဆောက်အအုံတွင် ခင်းကျင်း ပြသထားသည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်အား တနင်္လာနေ့နှင့် အများပြည်သူရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ ပုံမှန်ဖွင့်လှစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ သိရသည်။

(အောက်ပုံ)

(၄၈၁)



## လေကြောင်းဖြင့် မြန်မာ့ရေထွက်ကုန်(အရှင်)များ တိုက်ရိုက်တင်ပို့နိုင်ရန် ပို့ကုန်လုပ်ငန်းရှင်များ မျှော်လင့်



တနင်္သာရီတိုင်းဒေသကြီးရှိ မြိတ်လေဆိပ်ကို အဆင့်မြှင့်တင်လျက်ရှိရာ လေကြောင်းဖြင့် မြန်မာ့ရေထွက်ကုန်အရှင်များ (အကောင်လိုက်)တင်ပို့နိုင်ရန် ပို့ကုန်လုပ်ငန်းရှင်များက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ငါးများကို ထိုင်းနိုင်ငံသို့ တင်ပို့နေပြီး ကျောက်ပုစွန်၊ ကင်းပုစွန် စသည့် ရေထွက်ကုန်များကို ထိုင်းနိုင်ငံမှ တစ်ဆင့်တရုတ်သို့လည်းကောင်း၊ ဂျပန်နိုင်ငံသို့ အေးခဲပုစွန်များကိုလည်းကောင်း တင်ပို့နေခြင်းဖြစ်သည်။

မြိတ်လေဆိပ်မှာ ကုန်တင်လေယာဉ်တွေ အတက်အဆင်းလုပ်နိုင်အောင် အဆင့်မြှင့်တင်နေပါတယ်။ ကုန်တင်လေယာဉ်ကြီးတွေ ဆင်းသက်နိုင်ရင် တရုတ်နိုင်ငံ ချန်ဒူးနဲ့ ချုံချင့်မြို့တွေကို ရေထွက်ကုန်တွေ တင်ပို့နိုင်ပြီ။ လေယာဉ်နဲ့ဆိုတော့ ရေထွက်ကုန်အရှင်တွေကို တင်ပို့နိုင်မယ် ဟု ရေထွက်ကုန်ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လက်ရှိတွင် တရုတ်သို့ တင်ပို့ရာ၌ တစ်ပတ်လျှင် ၃ ရက်ပြေးနေသည့် လေကြောင်းလိုင်းသာရှိပြီး လေဆိပ်အဆင့်မြှင့်တင်ပြီးစီးသွားပါက ရေထွက်ကုန်များကို ပိုမိုတင်ပို့နိုင်မည့်အပြင် ငါး၊ ပုစွန်အရှင်များအား ပြည်ပသို့ တိုက်ရိုက်တင်ပို့နိုင်မည်ဖြစ်၍ ဈေးကောင်းရရှိနိုင်ကြောင်း ရေထွက်ကုန်တင်ပို့သူအချို့က သုံးသပ်ကြသည်။ (အပေါ်ပုံ)

ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေထွက်ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော် ရရှိခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးမှ ရေထွက်ကုန် တန်ချိန် ၂၈၀၀၀၀ ကျော်တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)



## အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**သရက် နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ် အခွန်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ဖြင့် ကပ်နှိပ်ရောင်းချသည့် လုပ်ငန်းရှင်များဖြစ်သော စားသောက်ဆိုင် လုပ်ငန်းရှင်များ၊ ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်းရှင်များ၊ ရွှေထည်လက်ဝတ်ရတနာများရောင်းချသည့် လုပ်ငန်းရှင်များ၊ ရုပ်သံလွှင့်မီဒီယာလုပ်ငန်းနှင့် လက်ကိုင်ဖုန်း ဆက်စပ်ပစ္စည်းများ ရောင်းချသည့်လုပ်ငန်းများအား အခွန်ပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၈ရက်၊ နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသက်အောင်က အခွန်ကောက်ခံခြင်းကိစ္စနှင့် ပတ်သက်၍ ပြည်တွင်းအခွန်များ ဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ အခွန်ကောက်ခံရခြင်း၏ရည်ရွယ်ချက်၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း၊ အခွန်ပေးသွင်းခြင်း ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကိုမေးမြန်းရာ မြို့နယ်အခွန်ဦးစီးမှူးက ပြန်လည်ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ စုံညီစွာ တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများအား အခွန်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဇော်ထက်(သရက်)

## မန္တလေးမြို့တွင် ပထမဆုံး Electric Vehicle(EV)ကားဖြင့် အခြေခံယာဉ်မောင်းသင်တန်း ဖွင့်လှစ်သွားမည်

မန္တလေးမြို့တွင် ပထမဆုံး Electric Vehicle(EV) ကားဖြင့် အခြေခံယာဉ်မောင်းသင်တန်းကို EV (ဘယ်မောင်း)ဖြင့် နိုဝင်ဘာ ၁၈ ရက်မှစတင်၍ ၅၉လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြားရှိ ထွန်းတောက်ယာဉ်မောင်း သင်တန်းကျောင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တွင် Electric Vehicle(EV) ယာဉ်များ သုံးစွဲမှုများပြားလာသောကြောင့် Electric Power Station များ ဖွင့်လှစ်ထားပြီး EVယာဉ်မောင်းသင်တန်းဖွင့်လှစ်ခြင်း ဖြစ်သည်။

Electric Vehicle (EV)ယာဉ်မောင်းသင်ကြားပေးမည့် ၁၁ ရက်ကြာ သင်တန်းကို သင်တန်းကြေးအဖြစ် ငွေကျပ် ၃၀၀၀၀၀ သတ်မှတ် ထားပြီး မန္တလေးမြို့တွင် ပထမဦးဆုံး ဖွင့်လှစ်မည့်သင်တန်းဖြစ်သည်။

Electric Vehicle (EV) ယာဉ်မောင်းသင်တန်းတွင် ရက်အလိုက် စာတွေ့၊ လက်တွေ့ သင်ခန်းစာများကို သင်ကြားပေးမည်ဖြစ်ရာ ပြင်ပလမ်းကြောင်း အတို၊ အရှည်မောင်း သင်ကြားခြင်း၊ သင်တန်းကျောင်းအတွင်း လက်တွေ့ မောင်းနှင်ခြင်းများ၊ လေ့ကျင့်မောင်းနှင်ခြင်းများကို တစ်ဦးချင်း တတ်မြောက်အောင် သင်ကြားပေးသွားမည်ဖြစ်ကြောင်း ထွန်းတောက် ယာဉ်မောင်းသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးအောင်မြတ်ထွဋ်က ပြောသည်။

ပုံမှန်ယာဉ်မောင်းသင်တန်းကို နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ သင်ကြားပေးလျက်ရှိရာ ရုံးဝန်ထမ်းများ ရုံးချိန်လွှတ်၊ ကျောင်းသားများ ကျောင်းချိန်လွှတ် သင်တန်းများ ပို့ချပေးလျက်ရှိရာ အသေးစိတ် သိရှိလိုပါက သင်တန်းရုံး ဖုန်း ၀၉-၇၉၁၁၈၈၈၆၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ရွှေမန်း

(အောက်ပုံ)




## ကျေးလက်လမ်းဆောက်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စဉ့်ကိုင် နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝပိုမိုအဆင်ပြေစေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၄၄၄ ဒသမ ၄၅သန်းဖြင့် ကျေးလက်လမ်းလေးခု ဆောင်ရွက်နေမှုကို ယမန်နေ့ မွန်းလွဲပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(တည်ဆောက်ရေး)ဒေါက်တာထွန်းမြင့်အောင် တိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး အရည်အသွေးပြည့်မီစွာဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ကျော်စွာ (စဉ့်ကိုင်)

## ဝတ္ထုတိုကဏ္ဍ

# ကျွမ်း(ဂျွမ်း)ထိုးတဲ့ ကောင်လေး

နိုင်ဗလ



'တွိ ... '

ခရာမှုတ်လိုက်သည်နှင့် သစ်ပင်ရိပ်တွင် ကိုယ့်အစုနှင့်ကိုယ် နားနေကြသော သင်တန်းသူများ 'တိတ် ...' ဟု အော်၍ သတိဆွဲ မတ်တပ်ရပ်လိုက်ကြသည်။

'တန်းစီ ... '

လက်ကို ဆန့်တန်းပြီး ကွန်မန့်ပေးလိုက်သည်နှင့် အပြေးတက်၍ တန်းစီကြသည်။ 'ရှေ့ကြည့်၊ သတိ၊ ညာညီ၊ အမှတ်စဉ်မှတ်' အစဉ်အတိုင်း အမိန့်ပေးမှုများကို သွက်လက် တက်ကြွစွာ ဆောင်ရွက်ကြသည်။ လှုပ်ရှားမှုများ မြန်ဆန်၊ တိကျ၊ ညီညာလာသည်ကို တွေ့ရသဖြင့် ကျေနပ်မိသည်။ ကျေနပ်မှုက ကြာရှည်မခံ၊ သင်တန်းသူနှစ်ဦး လိုနေသည်။ နံနက်ခင်းပိုင်း ပို့ချထားသော အခြေခံစစ်ရေးပြကို သွက်လက်၊ တိကျ၊ မှန်ကန်၊ မြန်ဆန်စွာ ဆောင်ရွက်နိုင်နေပြီဖြစ်၍ သည်အဖွဲ့ကို စိတ်ထဲမှ ချီးကျူးနေမိသည်။ အမြန်လျှောက်၊ ဘယ်လှည့်၊ ညာလှည့်၊ နောက်လှည့်၊ တန်းရပ်၊ တန်းစီ၊ ညာညီ အပြစ်ပြောစရာမရှိတော့။ ညနေပိုင်းတွင် စာပို့အလေးပြုခြင်း၊ သင်ခန်းစာ လေ့ကျင့်ပြီးက စောစောအနားပေးမည်ဟု စိတ်ကူးထားသည်။ ယခုတော့ သင်တန်းချိန်တွင် နှစ်ယောက်လျော့နေသည်။ သင်တန်းသား တပ်ခွဲခေါင်းဆောင်က သတင်းပို့ပြီး အားလုံးငြိမ်နေသည်။ သက်သာ၊ အေးစေ မပေးဘဲ သတိအနေအထား အတိုင်း ထားလိုက်သည်။ ပတ်ဝန်းကျင်ကို မျက်စေ့ကစားလိုက်သည်။ တွေ့ပြီ··· အမျိုးသားတပ်ခွဲမှ သင်တန်းသား ကျောင်းသားတစ်ယောက်နှင့် စကားပြောပြီး ပြေးလာနေသော သင်တန်းသူနှစ်ဦး ယူတီစီမှဆရာကြီး ကြီးကြပ်သင်ကြားပေးနေသော အမျိုးသားတပ်ခွဲလည်း တန်းစီနေပြီ။ ထိုသင်တန်းသားလည်း အပြေးတက်သွားသည်။

သင်တန်းသူနှစ်ဦး ပြေးလာပြီး 'ဝင်ခွင့်ပြုပါ' ဟု အမိန့်တောင်းခံသည်။ ရှေ့သို့ ခေါ်၍ သီးခြားရပ်စေပြီး သင်တန်းသူများကို 'အေးစေ' အနေအထား ကွန်မင့်ပေးလိုက်သည်။

'ရဲဘော်နှစ်ယောက် အပြစ်ရှိလား မရှိဘူးလား'အမိန့်သံပြတ်ပြတ်သားသားဖြင့် မေးလိုက်သည်။

'ဟုတ်ကဲ့ရှင့် အပြစ်ရှိပါတယ်ရှင့်' တိုးညင်းသောအသံဖြင့် ဖြေသည်။

'အပြစ်ရှိသလား မရှိဘူးလား' ပို၍ ကျယ်လောင်တင်းမာသော လေသံဖြင့် ထပ်မေးသည်။

'ရှိပါတယ်' သံပြိုင်ကျယ်လောင်သော အသံကြားမှ ...

'အပြစ်ရှိရင် တန်းစီကွင်းတစ်ပတ်ပြေးရမယ်' 'ကျန်သင်တန်းသားတွေ နေမြဲ အပြစ်ရှိသင်တန်းသားများ ရှေ့ကြည့်၊ သတိ၊ ညာလှည့် ပြေး'ကွန်မန့်သံဆုံးသည်နှင့် သင်တန်းသူနှစ်ဦး စပြေးသည်။ ဘေးမှ ကိုယ်တိုင်ပြေးလိုက်ရင်း 'ခြေလှမ်းညီအောင်ပြေးမယ်' ဘယ်ညာ၊ ဘယ်ညာ တိုင်ပေးရင်း ခြေလှမ်းညှိသည်။ ပြီးလျှင် 'ဘာလုပ်နေလဲ'၊'လေ့ကျင့်နေတယ်'၊'ဘယ်သူ့အတွက်လည်း''ပြည်သူ့အတွက်'၊'ဘာစိတ်ဓာတ်လဲ'၊'သံမဏိစိတ်ဓာတ် သံမဏိစိတ်ဓာတ် သံမဏိစိတ်ဓာတ်' 'ဘယ်ညာ၊ ဘယ်ညာ၊ ဘယ်ညာ စသည်ဖြင့် တိုင်မင်အော်ရင်း အပြစ်ရှိသင်တန်းသူနှစ်ဦးနှင့်အတူ ကိုယ်ပါလိုက်၍ ကွင်းတစ်ပတ်ပြေးသည်။ အမျိုးသားတပ်ခွဲမှ သင်တန်းသားလည်း ကွင်းတစ်ပတ်ပြေးပြီး ဂျွမ်းပါထိုးနေရသည်ကို တွေ့ရသည်။

ကွင်းတစ်ပတ် ပြည့်၍ ကျန်သင်တန်းသူများ ရှေ့တွင် ရပ်ခိုင်း၍ ခေတ္တအမောဖြေစေရသည်။ စိတ်တော့မကောင်း၊ တက္ကသိုလ်ကျောင်းသူဖြစ်စ နုနုနယ်နယ် မိန်းကလေးတွေ ချွေးများထွက်ပြီး မျက်နှာများ နီကာ မောဟိုက်နေသည်။ အမောဖြေခိုင်းရင်း ကိုယ်ပြောလိုသည်ကို ပြောရသည်။ စည်းကမ်း၏ အရေးကြီးပုံ၊ စည်းကမ်းမကောင်းက ဘယ်အရာမှ ရာနှုန်းပြည့်အောင်မြင်မှုရမည်မဟုတ်ကြောင်း နောင်တစ်ချိန်ကိုယ်တိုင်ခေါင်းဆောင်လုပ်လျှင် စည်းကမ်းမကောင်းက ခေါင်းဆောင်ကောင်းဖြစ်မည်မဟုတ်ကြောင်း အမိန့်ကို နာခံတတ်အောင် သင်ယူရမည်ဖြစ်ကြောင်း ပြောပြီး အခြေခံစစ်ရေးပြဘာသာရပ်ကို ပြီးမြောက်အောင် ဆက်လက်သင်ကြားပေးခဲ့သည်။ တန်းဖြုတ်ပေးပြီး လူငယ်ရုံးဘက်သို့ ထွက်လာခဲ့သည်။ အပစ်ပေးခံရသော ကျောင်းသူနှစ်ဦး အပြေးလိုက်လာသည်။ 'ဆရာ ... စိတ်မဆိုးပါနဲ့ရှင့် တောင်းပန်ပါတယ်'ဟု ရိုကျိုးစွာ မျက်နှာငယ်လေးဖြင့် ပြောကြသည်။ ကျွန်တော် အားရပါးရ ပြုံးလိုက်မိသည်။ 'ဟ ... ငါက ဘာကို စိတ်ဆိုးရမှာလဲ၊ စည်းကမ်းအတိုင်း ဆောင်ရွက်တာလေ၊ ဒါမှ မင်းတို့ စည်းကမ်းလေးစားမှု ရှိလာမှာပေါ့ ...၊ ပြီးတော့ သင်တန်းက တန်းဖြုတ်လိုက်ပြီ ...၊ ငါကို ဆရာမခေါ်နဲ့တော့၊ မင်းတို့က ကျောင်းသူတွေ၊ ငါက ကျောင်းသား၊ သူငယ်ချင်းလို၊ ညီအစ်ကို မောင်နှမလို ခေါ်ပြောပါကွာ ...'ဟု ပြောလိုက်သည်။ ထိုအခါမှ အပြစ်ရှိကျောင်းသူနှစ်ဦး မျက်နှာရွှင်ပျစွာဖြင့် နှုတ်ဆက်ထွက်ခွာသွားကြသည်။

နောက်တစ်နေ့တွင် စခန်းချဘာသာရပ်ကို ပို့ချရသည်။ စစ်ရေးပြလို မပင်ပန်းတော့ပေ။ စခန်းချဘာသာရပ်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကြိုးချည်နည်း၊ တည်ဆောက်နည်း၊ အဖွဲ့လိုက်တာဝန်ခွဲဝေယူခြင်းတို့ကို စိတ်ပါလက်ပါ သင်ကြားပေးဖြစ်သည်။ အားလုံးလည်း ပျော်ရွှင်တက်ကြွနေကြသည်။ တဲထိုးပြိုင်ရန်၊ မီးမွှေးပြိုင်ရန်တို့အတွက် အသွက်ဆုံးလူရွေး၍ သီးခြားထပ်မံ၍ အသေးစိတ်တိုင်ပင်ကိုက်အောင် လေ့ကျင့်သင်ကြားပေးရသည်။ ရယ်ရယ်မောမောဖြင့် စိတ်ဝင်တစားသင်ကြားပေး၊ သင်ယူကြသောကြောင့် တတ်လွယ်၊ မှတ်လွယ်၊ သင်လွယ် ဖြစ်ခဲ့သည်။ ထိုနေ့က တစ်ခါတည်း မှတ်ချက်ပေးခဲ့သည်။ စစ်ရေးပြနှင့် စခန်းချ ဆုများသေချာပေါက် ဆွတ်ခူးနိုင်မည်ဟု မှတ်ချက်ရဲရဲပေးခဲ့သည်။

ယနေ့စခန်းချ ချီတက်လေ့ကျင့်ကြမည့်နေ့ဖြစ်သည်။ နံနက်ဝေလီဝေလင်းကတည်းက တန်းစီလူစစ်သည်။ ဖိနပ်များ စစ်သည်။ ပေါ့ပါးသော ညှပ်ဖိနပ်၊ ကင်းဘတ် စီးခွင့်ပြုထားသည်။ မိမိတို့မှာတော့ ကွန်မန့်ဘွတ်နှင့် ဖြစ်သည်။ ခြေအိတ်များ အပိုဆောင်ခိုင်းထားသည်များကို စစ်သည်။ လမ်းမလျှောက်နိုင်သူ၊ ရောဂါရှိသူများကို ကြိုတင်မေးထားပြီး မလျှောက်နိုင်သော အချိန်တွင် သတင်းပို့ရန်၊ ကားပေါ်တင်ပေးမည်ဟု မှာထားရသည်။ တပ်စု၊ တပ်စိတ်လိုက် ခေါင်းဆောင်များကို အဆင့်ဆင့်ကြီးကြပ်ရန် မှာကြားပြီး အဖွဲ့ပေါင်းစုံ တန်းစီကွင်းတွင် မိန့်ခွန်းနာခံ၍ ချီတက်ခဲ့ကြသည်။ နောက်မှပါလာမည့် ကားပေါ်တွင် ရေနှင့် ပစ္စည်းပစ္စယများ တင်ခဲ့သည်။ ကိုယ်စီရေဘူးသာ သယ်စေခဲ့သည်။ လိုအပ်သောဆေးဝါး၊ ပတ်တီးနှင့် လိမ်းဆေး၊ ဓား၊ ကတ်ကြေးများ ထည့်ထားသော စစ်သုံးခါးပတ်ကြီးနှင့် အိတ်တွင်ထည့်၍ ခါးတွင်ပတ်သည်။ တစ်ဖက်တွင် စစ်ရေဘူးချိတ်သည်။ လိုင်းဘီဒီကြိုးလိပ်ကို တစ်ခါတည်း ချိတ်ထားသည်။ ချိုချဉ်နှင့် ဆားခဲလည်း မကျန်ခဲ့စေရန် ဂရုစိုက်ရသည်။ အခြေခံကျန်းမာရေးသင်ရိုးတန်းပြီးထားပြီဖြစ်၍ ရှေးဦးပြုစုခြင်းကိုလည်း တာဝန်ယူထားရသည်။

ခရာမှုတ်သံနှင့်အတူ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူလူငယ်များ စစ်ကြောင်းပုံ ချီတက်ကြသည်။ အစပိုင်းတွင် ပျော်ရွှင်ရယ်မောနေကြသော်လည်း ခရီး၏ သုံးပုံတစ်ပုံ မရောက်ခင်တွင်ပင် မောဟိုက်သူ၊ ဖိနပ်ပေါက်သူများဖြင့် လေးကွေးလာသည်။ အမျိုးသမီးတပ်ခွဲများကို စတင်၍ စိတ်ဓာတ်မြှင့်တင်ပေးရသည်။ ကြွေးကြော်သံများ တိုင်ပေးသည်။ ရဲရဲတောက်၊ လူငယ်တာဝန်စစ်ချီတေး စသည့် တက်ကြွဖွယ်သီချင်းများကို ဆိုစေသည်။ အားလုံးပို၍ သွက်လက်လာသည်။ ခရီးတစ်ဝက်ခန့်တွင် မိန်းကလေးအချို့ မလျှောက်နိုင်တော့ လဲသူလဲကျပြီ။ အပြေးသွား၍ ပခုံးပေါ်ထမ်းကာ ကားရှိရာ ပြေးရသည်။ ကားပေါ်တွင်ပါသော ကြီးကြပ်မိန်းကလေးများထံ လိုအပ်သောဆေးဝါးများ ပေး၍ စောင့်ရှောက်စေသည်။ စစ်ကြောင်း၏ ရှေ့နောက် တက်လိုက်၊ ဆင်းလိုက်၊ အော်လိုက်၊ ဟစ်လိုက်၊ သီချင်းဆိုခိုင်းလိုက်ဖြင့် သင်တန်းသားများထက် ၁၀ ဆမက ပင်ပန်းခဲ့သည်။ သို့သော် ရည်မှန်းချက်သို့ အောင်မြင်ချောမွေ့စွာ ရောက်ရန် တာဝန်ထမ်းခဲ့သည်။

စခန်းချနေရာသို့ ရောက်ပြီး စနစ်တကျတပ်ခွဲလိုက်နေရာချသည်။ နယ်နိမိတ်ဧရိယာ သတ်မှတ်၍ သန့်ရှင်းရေးလုပ်ခြင်း၊ တဲထိုးခြင်းများကို စနစ်တကျ ဆောင်ရွက်စေသည်။ ပြီးမှ ဆောင်ရွက်ရမည်များကို မှာကြားပြီး တပ်ရင်းရုံးစိုက်ရာနေရာသို့ အပြေးချီတက်ရပြန်သည်။ ဆရာများက ရုံးစိုက်ရာတွင် အသင့်စောင့်၍ နယ်နိမိတ်ကျော်၍ မည်သူမျှ မထွက်စေရန်၊ စည်းကမ်းတကျ လူစစ်ရန်တို့ကို ထပ်မံမှာကြားသည်။ ပါတီကောင်စီနှင့် လူငယ်တာဝန်ခံများလည်း ပါလာသဖြင့် ရေနွေးကြမ်းနှင့် လက်ဖက်ဖြင့် ဧည့်ခံနိုင်ရန် စီစဉ်ပေးသည်။ ထိုထဲတွင် တက္ကသိုလ်ဆရာလည်းဖြစ်၊ ပါတီတာဝန်လည်းရှိ၊ လူငယ်အဖွဲ့တွင်လည်း တာဝန်ရှိသော ဆရာကြီးတစ်ဦးလည်း ပါလာသည်။ ထိုဆရာကြီးမှာ ခပေါင်းစီးကရက်ကို လက်မှမချတမ်း သောက်တတ်သူဖြစ်သည်။ သူက တိုးတိုးတိတ်တိတ်ခေါ်၍ ဆေးလိပ်ဝယ်ပေးရန် အကူအညီတောင်းသည်။ နှစ်ပြခန့်ဝေးသော နေရာသို့ အပြေးသွား၍ ဝယ်ပေးရသည်။ ဆေးလိပ်ဝယ်၍ ပြန်လာပြီး ရုံးစည်းရိုးနားအရောက်တွင် စခန်းချစစ်ကြောင်းမှူးက မြင်၍ 'ဟိုရဲဘော် စည်းကျော်သွားတယ် အပြေးတက်ခဲ့' ဟု အော်၍ အပြေးတက်ခဲ့ရသည်။ အနားအရောက်တွင် 'ဂျွမ်း ၁၀ ပတ် ထိုးပြီး တက်ခဲ့'ဟု အမိန့်ပေးပြန်သည်။ ဆေးလိပ်မကျိုးစေရန် အိတ်တွင် သေချာထည့်ပြီး ပို၍ မြန်ဆန်အောင် လက်ထောက်ဂျွမ်းလိမ့်ခြင်းကို ဆောင်ရွက်၍ သတိဆွဲရပ်လိုက်ရသည်။ စစ်ကြောင်းမှူးက 'ဟ မင်းပဲ မင်းက ကြီးကြပ်လေ နယ်မကျော်ရတဲ့ထဲ မင်းမပါဘူး ဘာလို့ မပြောတာလဲ'ဟု အားနာစွာ ပြောသည်။ ဆေးလိပ်ဝယ်ခိုင်းသော ဆရာက ရှင်းပြသည်။ ကျွန်တော်က 'ဆရာ့ အမိန့်အတိုင်းပဲ ဆောင်ရွက်တာပါ ဆရာအားမနာပါနဲ့၊ ဒါမှ ကြည့်နေကြတဲ့ သင်တန်းသားတွေ ပိုသဘောပေါက်မှာ'ဟု ရယ်ရယ်မောမော ပြောခဲ့ရသည်။

ဆေးလိပ်ဝယ်ခိုင်းသော ဆရာက 'ငါ့သားရာ၊ ငါ့ကြောင့် အပြစ်ပေးခံရတာ စိတ်မကောင်းဘူး'ဟု နှစ်သိမ့်ရှာသည်။တပ်ခွဲများစစ်ဆေးရန် အပြေးထွက်ခဲ့ရပြန်သည်။ 'ဆရာဘာလို့ အပြစ်ပေးခံရတာလဲ'ဟု ဝိုင်းမေး၍ ရှင်းပြရသေးသည်။ 'စိတ်မဆိုးဘူးလား' ဟု မေးကြသည်။ စိတ်မဆိုးပါဘူးကွာ မင်းတို့ကိုလည်း စည်းကမ်းဖောက်ရင် ငါအပြစ်ပေးမှာပဲ' 'ငါလည်း လိုအပ်ရင် အပြစ်ပေးခံရမှာပဲ စည်းကမ်းရှိ ကြပေါ့ကွာ'ဟု ပြောရသည်။ 'ဆရာ အပြစ်ပေးခံရတာနဲ့ တန်အောင် ပြိုင်ပွဲမှာ ဆုရအောင်ယူမယ်'ဟု ဝိုင်း၍ ကတိပြုကြသည်။ အမှန်တကယ်ပင် စခန်းချဆုနှင့် စစ်ပညာဆုနှစ်ဆုလုံးကို ကျွန်တော် ကြီးကြပ်သောမိန်းကလေးတပ်ခွဲမှ ရခဲ့သည်။ အားလုံးပျော်ရွှင်တက်ကြွခဲ့ကြသည်။

ဆေးလိပ်ဝယ်ခိုင်းသော ဆရာကြီးသည် မိမိတို့ဘွဲ့ရ အလုပ်ခွင်ဝင်သည့် အချိန်တွင် မိမိတို့ဌာနများကို ကိုင်တွယ်အုပ်ချုပ်ရသော ဝန်ကြီးတစ်ပါးဖြစ်ခဲ့သည်။ ဂျွမ်းထိုးတဲ့ကောင်လေး ဟုလည်း အမြဲစနောက်တတ်သေးသည်။ ဂျွမ်းထိုးတဲ့ကောင်လေး၏ ကြိုးစားအားထုတ်မှုကိုလည်း ဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ၏ အသိအမှတ်ပြုခြင်းကို ခံရဖူးပေ၏။

# ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်စာအုပ်ပေးအပ်

**မန္တလေး နိုဝင်ဘာလ ၉**

အထွေထွေရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်ကို မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးမြတ်ခိုင်က မန္တလေးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးမျိုးမင်းမင်းထံ ယနေ့ နံနက်က ၆၃လမ်း၊ ၃၆လမ်းထောင့်ရှိ မဟာမြိုင်ကဖေးတွင် ပေးအပ်ခဲ့သည်။



လာမည့် ၂၀၂၅ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပရာ၌ သတင်းရယူရာတွင် မီဒီယာများ ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ သိရှိရန်အတွက် လမ်းညွှန်စာအုပ်ကို မန္တလေးသတင်းမီဒီယာများထံ လာရောက် ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

# သတင်းရေးသားမှု House Style နှင့် သတင်းဆိုင်ရာသိနားလည်မှု သင်တန်းဖွင့်လှစ်

**မန္တလေး နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ယမန်နေ့ နံနက် ၁၀ နာရီက မန္တလေးခရိုင်အတွင်းရှိ ခရိုင်ဦးစီးမှူးနှင့်မြို့နယ်ဦးစီးများအား နိုင်ငံပိုင်မီဒီယာ၏ သတင်းရေးသားမှု House Style နှင့် သတင်းဆိုင်ရာ သိနားလည်မှု သင်တန်းဖွင့်လှစ်ပို့ချခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မာဖြူက နိုင်ငံပိုင်မီဒီယာ၏ သတင်းရေးသားမှု House Style နှင့် သတင်းဆိုင်ရာ သိနားလည်မှုနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များ၊ သတင်းရေးသားရာတွင် သတိပြုလိုက်နာရမည့်အချက်များ၊ သတင်းဓာတ်ပုံများ၊ မှုခင်းသတင်းတွင် လိုက်နာရမည့်အချက်များကို အသေးစိတ် ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

(ဝ၈၄)



# (၁၄၃)ကြိမ်မြောက် သွေးလှူဒါန်း

**မြင်းခြံ နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သဇင်နွယ်လမ်း၊ စိတ္တသုခကျောင်း ဓာတ်တော်တိုက်၊ ပဓာနနာယက သက်သတ်လွတ်ဆရာတော် ဘဒ္ဒန္တဝိစိတ္တာလင်္ကာရ(လူမှုထူးချွန် ပထမအဆင့်)မြင်းခြံမြို့နယ်၊ ဒူလဘိုရွာ ဓာတိသည် အမှတ်(၂) တပ်မတော်ဆေးရုံခုတင်(၅၀၀)တွင် အောက်တိုဘာ ၂၀ ရက်က (၁၄၃)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(ကဆ)




# ဂုဏ်ယူစရာကောင်းတဲ့မြေ

* ဟေမန္တရဲ့ နံနက်ခင်းမှာ
လမ်းလျှောက်ကြဖို့ မမေ့ပါ ။
စောစောထကာ ပျော်ပျော်ပါး
နှင်းမှုန်ကြားမှာ လျှောက်စို့လား ။

* မယ်ဇယ်တန်းဘက်ခရီးနှင်
လမ်းလျှောက်ကြ နေ့စဉ် ။
ဇရပ်စုံလင် ကျော်ဖြတ်လို့
ဦးပိန်တံတားပေါ် လျှောက်ကြစို့ ။

* ကျောက်တော်ကြီးဘုရား ရောက်ရင်ကွယ်
ဦးချဖူးလို့ ဆုတောင်းမယ် ။
တန်ခိုးတော်ရယ် လွန်ကြီးမား
တောင်းတိုင်းပြည့်တဲ့ မြတ်ဘုရား ။

* တောင်သမန်သစ္စာရောက်တဲ့အခါ
ဆင်စွယ်နန်းတော်ဝင်ကြမှာ ။
တို့တစ်တွေဟာ ပျော်ပျော်ပါး
ကိုယ်လက်လှုပ်ရှား ကစားစို့လား ။

* သာယာလှတဲ့ သည်နယ်မြေ
ဂန္ဓာရုံကျောင်းတိုက်လည်း တည်ရှိနေ ။
တောင်သမန်မြေကို ကမ္ဘာကသိ
ဂုဏ်ယူစရာကောင်းပါဘိ ။
တို့များ အားလုံးအသိ ။ ။

ခိုင်ခန့်(အမရပူရ)

# သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲ ပြုလုပ်

**ဥတ္တရသီရိ နိုဝင်ဘာ ၉**

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဥတ္တရသီရိမြို့နယ်အတွင်း သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တောင်သူများအား နည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက သရက်တောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် တောင်ညိုကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတို့တွင် ပြုလုပ်ကြသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်နှင့် တာဝန်ရှိသူများက တောင်သူများကို တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး၊ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာများ တိုးချဲ့စိုက်ပျိုးရေး၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံထွက်ကုန်များတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေး၊ ပိုးသတ်ဆေးသုံးစွဲမှုမှန်ကန်စေရေး၊ ပိုးသတ်ဆေးအစားထိုး သဘာဝပိုးသတ်ဆေးများသုံးစွဲရေးနှင့် ဆောင်းသီးနှံအတွက် မျိုးလိုအပ်ချက်မရှိစေရေးတို့ကို ပညာပေးဆွေးနွေးခဲ့ကြပြီး တောင်သူများ သိရှိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)




# အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်၊ စာစောင်ပြပွဲ ပြုလုပ်

**မူဆယ် နိုဝင်ဘာလ ၉**

ရှမ်းပြည်နယ် မူဆယ်မြို့၊ အခြေခံပညာမူလတန်းကျောင်း (ကောင်းမူး)၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်၊စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူဆယ်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းက မူးယစ်ဆေးဝါးကင်းစင်သည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ရရှိနိုင်သည့်ရောဂါများ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများအကြောင်း ဟောပြောခဲ့သည်။

ဆက်လက်၍ ကျောင်းစာအပြင် ပြင်ပစာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုပြီး ပြင်ပဗဟုသုတ တိုးပွားစေရန် စာဖတ်ကြပါ ခေါင်းစဉ်နှင့် ဒုတိယဦးစီးမှူး ဒေါ်ဆိုင်းမိုင်က ကလေးအလုပ်သမားပပျောက်ရေးအကြောင်းတို့ကို ဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပညာပေးနံရံကပ်စာစောင်များ၊ သုတရသစာအုပ်၊ စာစောင်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

မြို့နယ်(ပြန်/ဆက်)



## မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော



**တောင်တွင်းကြီး နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစောမောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များသည် အခြေခံပညာအထက်တန်းကျောင်း(ဆတ်သွား)ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲက မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခဲ့သည်။

ဟောပြောပွဲတွင် တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစောမောင်က မီးဘေးလုံခြုံကာကွယ်ရေး အသိပညာပေးဆွေးနွေးရခြင်း ရည်ရွယ်ချက်များ၊ မီးလောင်မှုအခြေခံသဘောတရားများ၊ မီးငြိမ်းသတ်ခြင်းစနစ်များ၊ မီးအတန်းအစားခွဲခြားခြင်းများ၊ လျှပ်စစ်မီးလောင်မှုဖြစ်စေသည့် အဓိကအကြောင်းအရင်းများ၊ လျှပ်စစ်ဝါယာရှော့မဖြစ်အောင် ကာကွယ်ရမည့် နည်းလမ်းများ၊ မီးကိုမပေါ့ဆကြရန်နှင့် မီးလောင်ပါက ပစ္စည်းဆုံးရှုံးမှုသာမက အသက်အိုးအိမ်များပါ ပျက်စီးဆုံးရှုံးတတ်ကြောင်းကို ရှင်းလင်းဟောပြောခဲ့ပြီး မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကျောင်းသား၊ ကျောင်းသူများ စိုးရိမ်ထိတ်လန့်မှုကင်းစွာ ကြိုတင်မီးငြိမ်းသတ်နိုင်မည့် နည်းလမ်းများ၊ မီးသတ်ဆေးဘူးအသုံးပြုမှု အခြေခံနည်းလမ်းများအား လက်တွေ့သရုပ်ပြခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**နောင်နောင်(ဗိသနိုးမြေ)**

* - * - * - *

* - * - * - * - * - *



## မီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်

**သရက် နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့ ကိုပင်ကျေးရွာအုပ်စု၊ သရက်-မင်းတုန်းကားလမ်းဘေး(ထူးစတားစက်သုံးဆီဆိုင်)အား မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာအဖွဲ့များက ယမန်နေ့ မွန်းလွဲပိုင်းက မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ပြည်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သတိပေးနှိုးဆော်ခြင်း၊ ရပ်ကွက်များအလိုက် တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေးခြင်း၊ စာသင်ကျောင်းများနှင့် ဘာသာရေးအဆောက်အအုံများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)(ကဆ)**

## တရားမဝင် ကျောက်စိမ်းများ သယ်ဆောင်သူများအား ဖမ်းဆီးအရေးယူ

**စစ်ကိုင်း နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၌ တရားမဝင် ကျောက်စိမ်းများသယ်ဆောင်လာသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၁၂ နာရီ ၅၀ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘို မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေဘိုမြို့နယ်၊ မန္တလေး-မြစ်ကြီးနား ကားလမ်းပေါ်ရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မြစ်ကြီးနားမြို့မှ ရွှေဘိုမြို့ဘက်သို့ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ရေကင်းကျေးရွာနေ ဇော်ထွန်း(၄၂)နှစ် မောင်းနှင်ပြီး ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ စက်မှုဇုန်ရပ်ကွက်နေ ဇင်ကို(၃၀)နှစ် လိုက်ပါလာသည့် MDY-16/3C--- STATION WAGON မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်နောက်ခန်း ကြမ်းခင်းအံဝှက်အတွင်း တရားမဝင် သိုဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံး ဆိုဒ်စုံ ၄၇ တုံး၊ ကျောက်စိမ်းဖြတ်စရောရာ ၆၃ ခု၊ ကျောက်စိမ်းခွဲခြမ်း တစ်ခု၊ စုစုပေါင်းအလေးချိန် ၅၉၆ ဒသမ ၉ ကီလိုဂရမ်ခန့်အား တွေ့ရှိ ဖမ်းဆီးရမိခဲ့သဖြင့် ဇော်ထွန်းနှင့် ဇင်ကိုတို့ နှစ်ဦးအား ရွှေဘိုမြို့မရဲစခန်းတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ပုဂ္ဂလိကပိုင်ဆေးရုံအား မီးဘေးလုံခြုံရေးစစ်ဆေး

**ဂန့်ဂေါ နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများသည် ပုဂ္ဂလိကပိုင် နေလအထွေထွေရောဂါကုဆေးရုံအား မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် ဂန့်ဂေါမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ရဲနိုင်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် ဂန့်ဂေါမြို့၊ မြို့မရပ်ကွက်ရှိ နေလအထွေထွေရောဂါကုဆေးရုံတွင် မီးဘေးလုံခြုံရေးနှင့် ဆေးရုံတွင် တပ်ဆင်ထားသော မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများအား စစ်ဆေးခြင်း၊ မီးဘေးနှင့် သဘာဝဘေးများကြုံတွေ့လာပါက ဆေးရုံရှိလူနာများအား ဘေးအန္တရာယ်လွတ်ကင်းရာသို့ အချိန်နှင့်တစ်ပြေးညီ ရွှေ့ထုတ်နိုင်ရေး၊ မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းနှင့် မီးဘေးလုံခြုံရေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နောင်ကိုင်တော်ရပ်ကွက်၌ နေအိမ်မီးလောင်မှုဖြစ်ပွား

**မိုးကောင်း နိုဝင်ဘာ ၉**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ နောင်ကိုင်တော်ရပ်ကွက်၌ နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီ ၄၀ မိနစ်ခန့်က ပိုင်ရှင် ဒေါ်လုဘူ၏ ၂၄ × ၁၆ ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊ ခြေတံရှည် တစ်ထပ် နေအိမ်တွင် TV Safe Guard အပူလွန်ကဲရာမှ အနီးရှိ ထရံသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားရာသို့ မိုးကောင်းမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် သုံးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီတွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ၂၄ × ၁၆ ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊ ခြေတံရှည် တစ်ထပ်နေအိမ် တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ခြင်းကြောင့် မိုးကောင်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁ ရက်၊ ၂ ရက်နှင့် ၃ရက်တို့တွင် စစ်ကိုင်းမြို့နယ် ကံကြီးကုန်းကျေးရွာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀၁ မျိုး၊ လျှပ်စစ်ပစ္စည်း ရှစ်မျိုးကိုလည်းကောင်း၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၅ ရက်တွင် ပုသိမ်ကြီးမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ အမရပူရမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၆၅၄ တန်၊ သစ်မာ ၁ ဒသမ ၁၃၄ တန်၊ အခြားသစ် ၂၅ ဒသမ ၆၀၅ တန် နှင့် အဆိုပါသစ်များ တင်ဆောင်ထားသည့် Mitsubishi Canter Truck တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

* - * - * - * - * - *

## ပြင်ဦးလွင်မြို့တွင် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၅ ရက် ည ၁၁နာရီ ၁၅ မိနစ်က သတင်းအရ သက်သေများနှင့်အတူ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)တွင် စိုးဝင်း(ခ)စိုးဝင်းထွန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ဆိုင်ကယ်ခွကြားတွင် သယ်ဆောင်လာသော လက်ဆွဲအိတ်အတွင်းမှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water အလေးချိန် ၁ ဒသမ ၃ ကီလို၊ ကက်တမင်း အလေးချိန် ၄၅၈ ဂရမ်၊ အက်တက်စီဆေးပြား ၁၅၀ ပြားနှင့် လက်ကိုင်ဖုန်း ၁ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုးဝင်း(ခ)စိုးဝင်းထွန်း(၄၁)နှစ်အား ပြင်ဦးလွင်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# တောင်သမန် ဦးပိန်တံတားက သိသူနည်းသော ကောက်ကြောင်းတချို့

**အမရပူရက စာရေးဆရာ၊ ကဗျာဆရာများက လွန်စွာဖော်ရွေကြသည်။ သူတို့နှင့် တွေ့ဆုံချိန်တိုင်း ကောက်ကြောင်းမဲ့ စကားများနှင့် အမရပူရသမိုင်းကြောင်းတချို့ကို ဆွေးနွေးလေ့ရှိသည်။ ထိုစကားဝိုင်းမှသည် စာပေကုန်ကြမ်းများရရှိခဲ့သည်ဖြစ်ရာ အမရပူရ စာပေဝိုင်းတော်သားများကို ကျေးဇူးတင်မိသည်။**




တစ်နေ့က အမရပူရသို့ စီးတော်ယာဉ် စူပါကပ်ဆိုင်ကယ်နှင့် ရောက်ခဲ့ပြန်သည်။မယ်ဇယ်တန်းက ရှိုင်း(၃) လက်ဖက်ရည်ဆိုင်မှာ စာပေဝိုင်းတော်သားများနှင့် တွေ့ခွင့်ရခဲ့ပြီး တောင်သမန် ဦးပိန်တံတားက လူသိနည်းသော အကြောင်းအရာများကို စကားစလိုက်သည်နှင့် ဝိုင်းဝန်းဆွေးနွေးကြလေသည်။

အမရပူရသည် မန္တလေး(ရတနာပုံ)မင်းနေပြည်ထက် စောစွာတည်ရှိခဲ့ပြီး ဗဒုံမင်းတည်ခဲ့သည့် မင်းနေပြည်ဖြစ်ခဲ့၍ မန္တလေးသားတို့ကဲ့သို့ ရှေးဟောင်းမြို့တော်သားများပင် ဖြစ်သည်။ မန္တလေးသားတို့ ဂုဏ်ယူနေသည်က မင်းတုန်းမင်းနန်းစံခဲ့သည့် နန်းမြို့ရိုးနှင့် ရွှေနန်းတော်ဖြစ်ပြီး အမရပူရသားတို့က ပုဂံမင်းလက်ထက်က တည်ဆောက်ခဲ့သည့် သက်တော်ရှည် တောင်သမန် ဦးပိန်တံတားကြီး မားမားမတ်မတ် ရှိနေသည်ကို ဂုဏ်ယူနေကြသည်။

**တံတားအမည် ဝိဝါဒ**

အမရပူရမြို့နန်းစံ ပုဂံမင်းလက်ထက် မြန်မာနှစ် ၁၂၁၁ ခုနှစ်တွင် အမရပူရ မြို့စာရေး မောင်ပိန်က နှစ် နှစ်ကြာ တည်ဆောက်ခဲ့သည်။ စစ်ကိုင်း၊ အင်းဝနန်းတော်ဟောင်းများမှ ကျွန်းတိုင်အဟောင်းများဖြင့် တောင်သမန်အင်းကို ဖြတ်၍ တောင်သမန်ရွာနှင့် အမရပူရကို ဆက်သွယ်ထားသည်။ ဦးပိန်တံတားဟု အမည်တွင်ပြီး တောင်သမန်တံတားဟုလည်း ဆိုနိုင်ပါသည်။ ထိုခေတ်ငွေကြေး ၉၀၀ ကျပ်ခန့်ကုန်ကျပြီး ကျွန်းတိုင်လုံးများ၊ အခင်းပြားများမှာ အခမဲ့ဖြစ်ကာ လုပ်အားမှာ အမရပူရဒေသခံများ၏ ကုသိုလ်ဖြစ်သည်။

တံတားတည်ဆောက်သည့် ရည်ရွယ်ချက်ကို အမျိုးမျိုး သုံးသပ်ပြောဆိုနေကြသည်။တောင်သမန်ရွာနှင့် အမရပူရကို အင်းရေပြင်ကို ကျော်ဖြတ်၍ ဆက်စပ်ပေးခြင်းဖြင့် သွားလာရေးလွယ်ကူစေရန်ဟု ဆိုသူက ဆိုသည်။ ဘုရင်အား လုပ်ကြံလျှင် ပြေးလမ်း၊ ထွက်လမ်း အဆင်ပြေရန်ဟု ဆိုသူလည်း ရှိသေးသည်။

အမည်အခေါ်အဝေါ်နှင့် ပတ်သက်၍လည်း ဦးပိန်တံတားနှင့် တောင်သမန်တံတားဟူ၍ ဝိဝါဒရှိခဲ့သည်။ တချို့က ဦးပိန် ဦးဆောင်တည်ဆောက်ခဲ့သည်ဖြစ်၍ ဦးပိန်တံတားဟုဆိုသည်။ တချို့က တောင်သမန်အင်းကို ဖြတ်ကျော် တည်ဆောက်ထားခြင်းကြောင့် တောင်သမန်တံတားဟု ဆိုပြန်သည်။ **ရှုတိုင်းငယ်ညို၊ မြရေညိုတောင်သမန်နှင့်၊ မြောင်ပတ်ရံဆီး၊ မီးစုံပွင့်ရေ၊ ဗျာသိုက်ကယ်ရန်အောင်ခြွေတဲ့၊ မန်းခေါင်ဘွေ ညာမြေမော့မှာ၊ ဘိုးတော်ပြည်ကြီး**ဟု မြဝတီမင်းကြီး ဦးစကရေးစပ်ခဲ့သည်။

ဦးပိန်သည် သူ၏ငွေကြေးစိုက်ထုတ်တည်ဆောက်ခဲ့ခြင်း မဟုတ်ဘဲ ရပ်ရွာလူထု၏ လုပ်အားဖြင့် တည်ဆောက်ခဲ့ခြင်း၊ အမရပူရ မြို့ဝန်ဘိုင်ဆတ်နှင့်အတူ ပြည်သူတို့အပေါ် နှိပ်စက်မှုများရှိခဲ့သည်ဟုဆိုကာ ဦးပိန်တံတားအမည်ကို လိုလားဟန်မရှိဘဲ တောင်သမန်တံတားအမည်ကို လက်ခံလိုကြသည်။

**ထာဝစဉ်၊ မြော်မြင်၍ တည်ထား၊ ဘိုးတော်ပြည်၊ တောင်မြို့နန်းမှာ၊ ဦးပိန်တံတား**ဟူ၍လည်း စပ်ဆိုမှုများရှိသည်။ လက်ရှိတွင် ဦးပိန်တံတားဟူသော အမည်တွင်နေပြီး ကမ္ဘာလှည့်ခရီးသွားအေဂျင်စီများကလည်း ဦးပိန်တံတားဟု ရေးသားဖော်ပြကြသည်။ နှစ်ဖက်မျှ၍ အမည်ပေးလျှင် "တောင်သမန် ဦးပိန်တံတားဟု" ဆိုရပေမည်။

**တည်ဆောက်ပုံစနစ်**

ကမ္ဘာလှည့်ခရီးသွားများနှင့် ပြည်တွင်းဧည့်သည်များသည် တောင်သမန်တံတားပေါ်သို့ ဖြတ်လျှောက်ကြသည်။ တံတားအဆုံးထိ လျှောက်သူနည်းပါးသည်။ အလယ်ဇရပ်အထိသာ လျှောက်ကြသည်။ တံတားကြီးမှာ ဖြောင့်ဖြောင့်တန်းတန်းဟု ယူဆနေကြပြီး အမှန်မှာ တစ်ဆစ်ချိုး တည်ဆောက်ထားခြင်း၊ ဖောင်ကြောင်း ကိုးကြောင်းပါဝင်တည်ဆောက်ထားခြင်းတို့ကို သတိမထားမိသူ များလေသည်။

"တောင်သမန်အင်းမှာ တောင်လေတိုက်ချိန် ရေစီးဒဏ်ခံနိုင်အောင်၊ တစ်နည်းအားဖြင့် ရေစီးကြောင်း ခွဲနိုင်အောင် အလယ်ဇရပ်နားမှာ တစ်ဆစ်ချိုးပြီး တည်ဆောက်ထားတယ်။ မြားဦးချွန်လိုပေ့ါ။ တံတားအရှေ့ဘက်ကနေ ကြည့်မှ အဲ့ဒီမြားဦးစွန်းပုံစံကို ကောင်းကောင်းတွေ့နိုင်တယ်။ဒါက ရှေးမြန်မာတွေရဲ့ အင်ဂျင်နီယာပညာရပ်လို့ ခေါ်ရမယ်။နှစ်ပေါင်းအားဖြင့် ၁၇၀ ကျော်ကပေ့ါ။ စစ်ကိုင်း၊ အင်းဝဘက်ကနေ အမရပူရကို ဘုရင်နဲ့ မိဖုရားတွေလာတဲ့အခါမှာ တံတားကြီးက ကန့်လန့်ခံနေတော့ ဖောင်တော်ဖြတ်နိုင်အောင် လုပ်ထားတယ်။ အဲ့ဒါကို ဖောင်ကြောင်းလို့ခေါ်ပြီး ဖောင်ကြောင်း ကိုးခုရှိခဲ့တယ်"ဟု အမရပူရသား စာရေးဆရာအောင်ခွေငယ်(အမရ) က ပြောပြသည်။

ဖောင်ကြောင်းဆိုသည်မှာ တံတားအလယ်လောက်တွင် သစ်သားပျဉ်ပြားကြီးများကို အသေခင်းထားခြင်း မဟုတ်ဘဲ ဖယ်ရှားနိုင်ရန် ပျဉ်ချပ်ကြမ်းခင်းလျှာထိုးများဖြင့် ခင်းထားခြင်းဖြစ်သည်။ ပုံမှန်ဆိုလျှင် တံတားပေါ်မှ အများသူငါ ဖြတ်သန်းနိုင်၍ ဖောင်တော်လာသည့်အခါ ထိုပျဉ်ချပ်ကြမ်းခင်းများကို တံတားတစ်ဖက်တစ်ချက်သို့ ဆွဲယူကာ ရေလမ်းပွင့်သွားရန် စီမံထားလေသည်။




**ဖွားဖက်တော် တံတားလေးစင်း**

မြန်မာဘုရင်တို့ မြို့နန်းတည်ခဲ့သော စစ်ကိုင်း၊ အင်းဝ၊ အမရပူရမြို့များသည် ဧရာဝတီမြစ်နှင့် မနီးမဝေးတွင် ရှိကြသည်။ အလားတူ အမရပူရမှ ကျေးရွာများစွာတွင် မြစ်နှင့်ဆက်စပ်နေသည့် ချောင်းငယ်များလည်းရှိသည်။ ထို့ကြောင့် တစ်ရွာနှင့်တစ်ရွာ သွားလာရေးလွယ်ကူရန် ဦးပိန်က တံတားငယ်လေးစင်းကို တောင်သမန်ဦးပိန် တံတားပုံစံအတိုင်း တည်ဆောက်ခဲ့ရာ ဖွားဖက်တော်တံတားများဟု ဆိုချင်ပါသည်။ သက္ကရာဇ် မသိရသော်လည်း ဦးပိန်တံတားနှင့် မရှေးမနှောင်းဖြစ်နိုင်ပေသည်။

အမရပူရတွင် တံတား ကိုးစင်းရှိသည်ဟု သိရပြီး ယခု ဖွားဖက်တော် တံတားလေးစင်း အပါအဝင်ဖြစ်သည်။ အဆိုပါလေးခုသည် အမရပူရ နန်းတော်ရာ၏တောင်ဘက်၊ တောင်သမန်အင်း အနောက်ဘက်၊ ရွှေဟသ်ာကျေးရွာအုပ်စုထဲတွင် တည်ရှိသည်။ ဒေသခံတစ်ဦး ပြောစကားနှင့် လက်ချိုးရေတွက်လျှင် တောင်ကြီးတံတား၊ ပန်းပဲတံတား၊ ဘုံတော်တံတား(သာလေစွတံတား)၊ တံတားလယ်တံတားဖြစ်ပြီး တိမ်ပြာတံတားလည်းပါဝင်သည်ဟုဆိုရာ တံတား ငါးစင်းဖြစ်နေ၏။ အများအတည်ပြုချက်အရ တံတားလေးစင်းဟုဆိုရမည်ဖြစ်ပြီး သစ်သားတံတားငယ်များသာ ဖြစ်သည်။

မြေပြင်လေ့လာခဲ့မှုများအရ ထိုတံတားလေးစင်းမှာ ပျက်စီးယိုယွင်းလျက်ရှိပြီး အချို့သည် အုတ်တံတားများဖြစ်သွားခဲ့သည်။ရှေးမူမပျက်ကျွန်းတိုင်များရှိသေးသည့် တံတားများမှာလည်း တစ်ပိုင်းတစ်စသာ တွေ့ရပါ၏။ ဦးပိန်တံတားကြီးသည်ပင်သက်တမ်း(၁၇၀)ကျော်ပြီဖြစ်ရာ ဖွားဖက်တော်တံတားများမှာလည်း ထိန်းသိမ်းမှုမရှိမှု၍ မူလအနေအထားမှ ကွယ်ပျောက်ခဲ့သဖြင့် လွမ်းမောစုပ်သပ်နေရုံသာရှိတော့သည်။

**တောင်သမန်နှင့် ဒေသခံများ**

တောင်သမန်အင်းနှင့် ဦးပိန်တံတားရှိနေခြင်းသည် အမရပူရဒေသခံများအတွက် စီးပွားရေးကို အထောက်အပံ့ ပေးလျက်ရှိသည်။ ကမ္ဘာလှည့်ခရီးသွားများ အရောက်လာလေ့ရှိကြသည်။ အနယ်နယ် အရပ်ရပ်၊ ရပ်နီးရပ်ဝေးမှ လာရောက်သူများကြောင့် စားသောက်ဆိုင်များ၊ ဒေသထွက် ရက်ကန်းထည်များနှင့် အခြားလက်မှုပညာပစ္စည်းအရောင်းဆိုင်များ၊ ငှက်လှေသမားများ၏ ကျေးဇူးရှင်ဟု ဆိုနိုင်ပါသည်။

တောင်သမန်အင်းသန့်ရှင်းသာယာလှပရေးနှင့် တံတားကြီး ထပ်မံ၍ နှစ်ပေါင်းများစွာ ကြံ့ခိုင်ကောင်းမွန်ရေးမှာ အဓိကလိုအပ်ချက်ဖြစ်သည်။ ပျက်အစဉ် ပြင်ခဏ ဆိုစကားရှိရာ အပျက်အစီးရှိလျှင် အမြန်ဆုံးပြင်ဆင်နိုင်ရေးက တံတားကြီးကို အသက်ရှည်စေပါလိမ့်မည်။ ဒေသခံတို့နှင့်အတူ လာရောက်လည်ပတ်သူများကလည်း စည်းကမ်းရှိဖို့ လိုပါလိမ့်မည်။ ငလျင်ဒဏ်ကြောင့် တံတားတိုင်များ ယိုင်နဲ့သွားသဖြင့် တံတားပေါ်မှ ဖြတ်သန်းခွင့် ပိတ်ထားခဲ့ရသေးသည်။ ယနေ့တွင် ဂန္ဓာရုံဆရာတော်ကြီးဦးဆောင်၍ လိုအပ်သည်များ ပြင်ဆင်ခဲ့သည်မှာ ပြီးစီးသွားပြီ ဖြစ်သည်။

**တောင်သမန်နှင့် မယ်ဇယ်တန်း**

တောင်သမန်ဟုဆိုလျှင် မယ်ဇယ်တန်းသည်လည်း တွဲလျက်ပါလာသည်။ အရိပ်အာဝါသ လွန်စွာကောင်းသည်။ အေးချမ်းသည်။ ထိုမယ်ဇယ်တန်းမှ မယ်ဇယ်ပင်များ၏ သက်တန်းကို အတိအကျ မသိရသော်လည်း ရှေးလူကြီးများ ပြောစကားအရ မြန်မာနှစ် ၁၂၁၄ ခုနှစ်ခန့်ကဖြစ်မည်ဟု ကိုပညာ(အမရပူရ)က ရေးသားခဲ့၏။ စိုက်ပျိုးသူမှာ ဦးကြီး၊ ဒေါ်အိုဖြစ်၍ ၎င်း၏ ဆွေစဉ်မျိုးဆက်က စောင့်ရှောက်လာခဲ့သည်ဟု သိရသည်။ အမရပူရသို့ နွေခေါင်ခေါင် ဘုရားဖူးလာကြသူများအား အေးချမ်းစွာ နားနေရန်စိုက်ပျိုးခဲ့ခြင်းဖြစ်၍ စိုက်ပျိုးစဉ်က ၁၀၃ ပင်ရှိခဲ့ပြီး ၉၅ပင်သာ ကျန်ရှိတော့သည်ဟု ဆိုပါသည်။

မည်သို့ဆိုစေ. . .။ တောင်သမန်အင်း၊ ဦးပိန်တံတား၊ မယ်ဇယ်တန်းတို့သည် အမရပူရမြို့တော်၏ အထင်ကရ သမိုင်းမှတ်တိုင်များဖြစ်သည်။ ရှေးမြန်မာတို့၏ အမြော်အမြင်နှင့် နည်းစနစ်များ၊ မြန်မာမှုလက်ရာများက နှောင်းလူတို့အတွက် အကျိုးတရားများစွာ ရှိနေဆဲ ဖြစ်ပါတော့သည်။

**ခိုင်ဆက်ဝေ**

## (၂၁-၉-၂၀၂၅)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ(၁၉)ပါ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်(ဓဓ-၄၆)၊ ဦးပိုင်အမှတ်(၃၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ ဒေါ်ဝင်းမေ(၅/ဖပန(နိုင်)၀၄၄၄၄၃)၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ယဉ်ယဉ်မေ(တရားလွှတ်တော်ရှေ့နေ)၏ ကန့်ကွက်ကြောင်း အသိပေးကြေညာခြင်းအား ပြန်လည်ရှင်းလင်းခြင်းနှင့် ထပ်မံသတိပေးခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၄(ဘီ)လမ်း၊ ၁၁၅လမ်းနှင့်၁၁၆လမ်းကြားနေ ဒေါ်မော်မော်ထွန်း (ဘ)ဦးထွန်းမြင့်(၅/မရန(နိုင်)၁၄၃၀၉၁)၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ဝင်းမေနှင့် အများသိစေရန် ထပ်မံသတိပေးကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်(ဓဓ-၄၆)၊ ဦးပိုင်အမှတ်(၃၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကျော်ဂေါင် အမည်ဖြင့်ချထားပေးသောမြေကွက်ကို ဦးကျော်ဂေါင်၏ အမွေဆက်ခံသူ ဒေါ်ဖြူဖြူထွေးဆိုသူက လက်မှတ်ရေးထိုးရောင်းချခဲ့ရာ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် အရောင်းအဝယ်စာချုပ်၊ အထွေထွေကိုယ်စားလှယ်လွှဲစာတို့ဖြင့် ဝယ်ယူထားသူထံမှ ဒေါ်မော်မော်ထွန်း(အိမ်ထောင်မကျမီ အပျိုဘဝက) ဝယ်ယူသည့် (၂-၁၀-၂၀၀၇)ရက်တွင် ပထမအကြိမ် စရန်ပေးစာချုပ် ချုပ်ဆိုစဉ်အချိန်ကလည်းကောင်း၊ (၉-၁၀-၂၀၀၇)ရက်တွင် ဒုတိယအကြိမ် စရန်ပေးစာချုပ် ချုပ်ဆိုစဉ်အချိန်ကလည်းကောင်း၊ ဒေါ်ဖြူဖြူထွေးကိုယ်တိုင် အသိသက်သေတစ်ဦးအဖြစ် လက်မှတ်ရေးထိုးခဲ့ပါသည်။ ဦးစိုးမိုးဝင်းနှင့် ဒေါ်မော်မော်ထွန်းတို့ လက်ထပ်ထိမ်းမြားသည့် (၆-၄-၂၀၁၀)ရက်မတိုင်မီ ဒေါ်မော်မော်ထွန်း အပျိုဘဝကတည်းကပင် ဒေါ်မော်မော်ထွန်း၏ ငွေကြေးဖြင့်ဝယ်ယူခဲ့ခြင်း ဖြစ်ပါသည်။ ဒေါ်ဝင်းမေ၏ ငွေကြေးဖြင့် ဝယ်ယူခဲ့ခြင်း မဟုတ်ပါ။

ဦးစိုးမိုးဝင်းသည် သည်းခြေပြွန်ကင်ဆာရောဂါဖြင့် မင်္ဂလာဆေးရုံတွင် အသည်းအသန်နေမကောင်းဖြစ်၍ စကားကောင်းမွန်စွာပြောဆိုနိုင်ခြင်းမရှိသည့်အချိန် (၂၁-၇-၂၀၂၅)ရက်တွင် ရှေ့နေနှင့်အတူ အသင့်ရိုက်လာသော စာချုပ်စာတမ်းများကို ဒေါ်မော်မော်ထွန်းထံသို့ ပြသခြင်း၊ ဖတ်ပြခြင်း လုံးဝမရှိဘဲ ဦးစိုးမိုးဝင်းအား လက်မှတ်ရေးထိုးခြင်း၊ ဗီဒီယိုမှတ်တမ်းတင်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ဒေါ်မော်မော်ထွန်းမှ သဘောတူသိရှိခဲ့ခြင်း မရှိပါ။ 'အပေးစာချုပ်'အားလည်း ထိုကဲ့သို့ ပြုလုပ်၍ မရနိုင်ပါ။ ဦးစိုးမိုးဝင်းမှာ (၈-၈-၂၀၂၅)ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ အဆိုပါမြေကွက်အပေါ်တွင် ဒေါ်မော်မော်ထွန်း၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ဝင်ရောက်နေထိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ဒေါ်မော်မော်ထွန်းမှ ၎င်းဝယ်ယူနေထိုင်ပိုင်ဆိုင်ထားရှိသည့် မြေကွက်နှင့်ပတ်သက်၍ အလုံးစုံစီမံခန့်ခွဲပိုင်ခွင့်ရှိသဖြင့် ခိုင်လုံသောအထောက်အထား တစ်စုံတစ်ရာမရှိဘဲ ကန့်ကွက်ခြင်း၊ နှောင့်ယှက်ခြင်းများပြုလုပ်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံသတိပေးကြေညာအပ်ပါသည်။

**ဦးမောင်မောင်ကျော်**
**(B.A(Psychology), LL.B,PG,DA)**

**ဒေါ်နွဲ့နွဲ့ဝင်း**
**(LL.B)**

**ဦးလင်းထက်မြတ်မောင်(မောင်ကမ္ဘာ)**
**(LL.B)**

**ဦးငြိမ်းချမ်းမောင်**
**(LL.B)**

**ဦးမင်းသူ**
**(LL.B,LL.M)**

**ဒေါ်မေမြန်မာမောင်**
**(BE(CE),PGDL,DBL)**
**(တရားလွှတ်တော်ရှေ့နေများ)**

**ဦးဟုန်ကျိန်ပိ**
**LL.B,(Q)**

**ဒေါ်မီမီထွန်း**
**LL.B**

**(အထက်တန်းရှေ့နေများ)**

**'မင်း'ဥပဒေအကျိုးဆောင်**
**၅၆(စီ)လမ်း၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၀၂၉၃၂၊ ၀၉-၉၆၀၅၇၈၆၇၃၊ ၀၉-၉၇၇၉၂၃၅၀၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၉)၊ ဦးပိုင်နံပါတ်(၈၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်စောလှမြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နုနုရီ(ဘ) ဦးကျော်အေး(၅/ကဘလ(နိုင်)၀၈၉၆၄၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၀)၊ ဦးပိုင်နံပါတ်(၁၆)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးလှဌေး အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ (၃၀×၄၀)ထဲမှ မြောက်ဘက်ပိုင်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးအောင်ကျော်ဦး (ဘ) ဦးမောင်မောင်(၉/မဟမ(နိုင်)၀၁၁၀၇၄)နှင့် ဒေါ်နှင်းလဲ့ဝေအောင်(ဘ)ဦးသန္တာအောင်(၈/မကန(နိုင်)၁၃၃၅၅၁)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစ်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမိုမိုထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၅)၊ တိုက်အမှတ် (၇)၊ တတိယထပ်၊ အခန်း(၁၅)ဟု ခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ နေထိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဒေါ်မြင့်မြင့်ဆွေ(ဘ)ဦးချစ်တင် (၉/အမရ(နိုင်)၀၀၁၅၅၀)အမည်ဖြင့် ချထားပေးခဲ့ပါသည်။ ဒေါ်မြင့်မြင့်ဆွေ အမည်ပေါက် အထက်ဖော်ပြပါ တိုက်ခန်းအား အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဟု အဆိုပြုသူ ဒေါ်ယုစန္ဒာဖြိုး(ဘ)ဦးကျော်သန်း(၉/မကန(နိုင်)၁၃၅၅၇၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစတင်၍ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
ဒေါ်သင့်သင့်(စဉ်-၇၂၈၇) ဒေါ်နွယ်ဇာလှိုင်(စဉ်-၁၄၂၉၆) ဒေါ်နွေးနွေးလှိုင်(စဉ်-၅၂၆၉၁) ဒေါ်သဲစုလှိုင်(စဉ်-၅၄၉၃၂)
**(တရားလွှတ်တော်ရှေ့နေများ)** **(အထက်တန်းရှေ့နေများ)**
**အမှတ်(၂၆၁/က)၊ ၈၃လမ်းနှင့်၈၄လမ်းကြား၊ ၃၇လမ်း၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၂၄၀၄၆၊ ၀၉-၇၉၆၄၈၀၄၆၀၊ ၀၉-၄၂၃၅၁၂၈၂၅၊ ၀၉-၇၅၆၉၃၀၀၀၁**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၁၆)၊ ဦးပိုင်အမှတ်(၃၈-ဈ)၊ မြောက်ဘက်ခြမ်းဧရိယာ(၀ ဒသမ ၀၄၁၈)ဧက အကျယ်အဝန်းရှိသော ဒေါ်စန်းစန်းဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးကျော်ဆန်း(ဘ)ဦးထွန်းရှိန်(၉/မထလ(နိုင်)၀၆၅၆၄၃)၊ (၂)ဒေါ်စန်းစန်းဝင်း(ဘ)ဦးညွန့်ဆွေ(၉/မထလ(နိုင်)၁၆၅၅၂၇)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer. khinninisoe @ gmail. com**

❖ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန်လိုအပ်မည်ဖြစ်ပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ခွဲခြားသိမြင်ရန်လို...

❖ မိမိတို့တာဝန်ယူထားရသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့အရေးကို ကျေပွန်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခု နှစ်၊ ဇွန် ၁၁ ရက်နေ့တွင် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ဆရာ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## 8th WVVF World Vovinam Championship 2025 ပြိုင်ပွဲတွင် မြန်မာဗိုဗီနမ်အသင်း ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် ခုနစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၄ ခု ဆွတ်ခူးရရှိ

ရန်ကုန် နိုဝင်ဘာ ၉

၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၈ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပခဲ့သည့် 8th WVVF World Vovinam Championship 2025 ပြိုင်ပွဲသို့ မြန်မာဗိုဗီနမ်အသင်းမှ အုပ်ချုပ်သူနည်းပြ နှစ်ဦး၊ အားကစားသမားအမျိုးသား သုံးဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ရှစ်ဦးတို့သည် အားကစားနည်းအမျိုးအစား(Event) ၁၆မျိုးတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး 48-51 kg(Female) ၄၈-၅၁ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် မနှင်းသက်ဝေက ရွှေတံဆိပ်တစ်ခု၊ Dual Knife From (female) အမျိုးသမီးဓားမြှောင်နှစ်လက်အပြပြိုင်ပွဲနှင့် Ying Yang Sword From(Female) အမျိုးသမီး ဓားတစ်လက်အပြပြိုင်ပွဲတို့တွင် မမေဟန်နီအောင်လွင်က ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခု၊ Dragon-Tige From (Male) အမျိုးသားလက်သိုင်းအပြပြိုင်ပွဲတွင် မောင်တင်ထူးဇော်က ငွေတံဆိပ်တစ်ခု၊ Pair Knife From(male) အမျိုးသားနှစ်ယောက်တွဲ ဓားမြှောင်အတိုက်အပြပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်နှင့် မောင်ကျော်သူစိုးအောင်တို့အတွဲက ငွေတံဆိပ်တစ်ခု၊ Four-Element Staff From(male) အမျိုးသား တုတ်ရှည်အပြပြိုင်ပွဲတွင် မောင်တင်ထူးဇော်က ငွေတံဆိပ်တစ်ခု၊ Pair Sword From (male) အမျိုးသားနှစ်ယောက်တွဲ ဓားရှည်နှစ်လက် အတိုက်အပြပြိုင်ပွဲနှင့် Pair Machette From (males) အမျိုးသားနှစ်ယောက်တွဲ ဓားရှည်တစ်လက် အတိုက်အပြပြိုင်ပွဲတို့တွင် မောင်ဟိန်းထက်အောင်နှင့် မောင်တင်ထူးဇော်တို့အတွဲက ငွေတံဆိပ် နှစ်ခု ရရှိခဲ့သည်။

ထို့ပြင် Mix Basic Self Defense Technique(3 females 3 males) အမျိုးသမီး သုံးဦးနှင့် အမျိုးသား သုံးဦး လက်နက်မဲ့အသင်းလိုက် အပြပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်၊ မောင်ကျော်သူစိုးအောင်၊ မောင်တင်ထူးဇော်၊ မချစ်နိုဒီဆောင်း၊ မမေဟန်နီအောင်လွင်နှင့် မနှင်းသက်ဝေတို့ အတွဲက ကြေးတံဆိပ် တစ်ခု၊ Ying Yang Sword From(male) အမျိုးသား ဓားတစ်လက်အပြပြိုင်ပွဲတွင် မောင်ကျော်သူစိုးက ကြေးတံဆိပ် တစ်ခု၊ (1 females Defense against males with weapon)




8th WVVF World Vovinam Championship 2025 ပြိုင်ပွဲတွင် ဆုတံဆိပ် ၁၄ ခုရရှိခဲ့သည့် မြန်မာဗိုဗီနမ်အသင်းအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ ကြိုဆိုကြစဉ်။

အမျိုးသမီးတစ်ဦးနှင့် အမျိုးသား သုံးဦး လက်နက်ပါ အပြပြိုင်ပွဲတွင် မမေဟန်နီအောင်လွင်၊ မောင်ဟိန်းထက်အောင်၊ မောင်ကျော်သူစိုးအောင်နှင့် မောင်တင်ထူးဇော်တို့အတွဲက ကြေးတံဆိပ် တစ်ခု၊ Cross-From(male) အမျိုးသား တစ်ဦးချင်း လက်သိုင်းအပြပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်က ကြေးတံဆိပ် တစ်ခု၊ (female Self Defence from)အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဓားမြှောင်ပါ ခုခံကာကွယ်နည်းအပြပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်နှင့် မချစ်နိုဒီဆောင်းတို့အတွဲက ကြေးတံဆိပ်တစ်ခုကိုလည်းကောင်း၊ Pair Sword From(Female) အမျိုးသမီးနှစ်ယောက်တွဲ ဓားရှည်နှစ်လက်အတိုက်အပြပြိုင်ပွဲတွင် မချစ်နိုဒီဆောင်းနှင့် မမေဟန်နီအောင်လွင်တို့အတွဲက ကြေးတံဆိပ်တစ်ခုရရှိခဲ့ပြီး နိုဝင်ဘာ ၇ ရက် ပြိုင်ပွဲများပြီးဆုံးချိန်၌ မြန်မာအသင်းအနေဖြင့် အားကစားနည်းအမျိုးအစား(Event)၁၄ ခုတို့တွင် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် ခုနစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၄ ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

အောင်ပွဲရ မြန်မာဗိုဗီနမ်အသင်းသည် လေကြောင်းခရီးဖြင့် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့မှ စင်ကာပူနိုင်ငံသို့လည်းကောင်း၊ စင်ကာပူနိုင်ငံမှတစ်ဆင့် ရန်ကုန်သို့ ယနေ့ နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား၊ သင်တန်းသူများက သောင်းသောင်းဖြဖြ လာရောက်ကြိုဆိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀

## မန်စီးတီးအသင်းက လီဗာပူးအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိ

**လန်ဒန် နိုဝင်ဘာ ၉**

အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၁ နာရီက မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးအသင်းက လီဗာပူးအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် မန်စီးတီးအသင်းသည် အိမ်ကွင်းပရိသတ်များ၏ ရှေ့မှောက်တွင် လီဗာပူးအသင်းအား ခြေစွမ်းအသာဖြင့် ယှဉ်ပြိုင်ကစားပြီး ဂိုးပြတ်အနိုင်ရယူခဲ့ခြင်းဖြစ်သည်။



မန်စီးတီးအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၂၉ မိနစ်တွင် ဟာလန်း၊ ပွဲချိန် (၄၅+၃) မိနစ်တွင် ဂွန်ဇာလက်ဇ်၊ ပွဲချိန် ၆၃ မိနစ်တွင် ဒိုကူတို့က အသီးသီးသွင်းယူပေးခဲ့သည်။

အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၁)ယှဉ်ပြိုင်ကစားအပြီးတွင် မန်စီးတီးအသင်းက ရမှတ် ၂၂မှတ်ဖြင့် အဆင့် ၂ နေရာ၊ လီဗာပူးအသင်းက ရမှတ် ၁၈မှတ်ဖြင့် အဆင့် ၈ နေရာတို့တွင် အသီးသီးရပ်တည်လျက်ရှိသည်။

**(NGB)**

## ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)နှင့် ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

**နေပြည်တော် နိုဝင်ဘာ ၉**

ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ) နှင့် ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ ၈ နှင့် ၉ တို့တွင် ဖော်ပြပါရှိပါသည်။

**မန္တလေးနေ့စဉ်**